# အကြောင်းမလှသည့် စစ်ကောင်စီ၏ အွန်လိုင်းစစ်ကူ ဝါဒဖြန့်ချိရေး “ဇာတ်ကြောင်းများ”

Quarterly Report 2025 (January-March)

The Red Flag

## မာတိကာ

နိဒါန်း ........ 3

  ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်းတွေ့ရသည့် ဝါဒဖြန့်ချိရေးဇာတ်ကြောင်းကြီးများ ........ 3

ဇာတ်ကြောင်း ၁ “ဒုစရိုက်သမား တော်လှန်ရေးလက်နက်ကိုင် အဖွဲ့များ” ........ 5

ဇာတ်ကြောင်း - ၂ “လက်နက်ချအညံ့ခံသော်လည်း စစ်သုံ့ပန်းများ သတ်ဖြတ်ခံရ” ........ 9

ဇာတ်ကြောင်း ၃ “နိုပိတ်များကြောင့် ထိုင်းရောက် မြန်မာအားလုံး အခက်တွေ့ပြီ” ........ 12

ဇာတ်ကြောင်း ၄ “တပ်မတော်ပေါ်တာမဆွဲ၊ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကသာ ပေါ်တာဆွဲနေခြင်းဖြစ်သည်။” ........ 16

  ၄.၁ - စစ်ကောင်စီက ဖိအားပေးစစ်မှုထမ်းခိုင်းနေခြင်းမရှိ ........ 16

  ၄.၂ - လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကသာ ပေါ်တာဆွဲနေခြင်းဖြစ်သည် ........ 18

ဇာတ်ကြောင်း ၅ “ငါတို့သည် သင်တို့အား စောင့်ကြည့်နေသည်၊ ဖမ်းဆီးမည်၊ ထောင်ချမည်” ........ 21

ဇာတ်ကြောင်း ၆ “နစက လက်လွှတ်ဆုံးရှုံးနယ်မြေများ” ပြန်သိမ်းမည်၊ ပြန်အပ်မည်၊ ပြန်ရပြီ ........ 24

ဇာတ်ကြောင်း ၇ “ဗုံးကြဲခြင်းသည် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ခြင်း” ........ 27

ဇာတ်ကြောင်း ၈ “အရိုင်းဆုံးလူမျိုး ရခိုင်လူမျိုးလား” ........ 30

ဇာတ်ကြောင်း ၉ “လျှောင်ကာလ တပ်မတော်သာမရှိလျှင် ပိုဆိုးမည်” ........ 33

ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ရုပ်ပုံများ ........ 37

စကားဝှက်များ နောက်ကွယ်မှ အမှန်တရားများ ........ 41

နိဂုံး ........ 42

နောက်ဆက်တွဲဇယားဖော်ပြမှု ........ 44

# နိဒါန်း

ပြီးခဲ့သော ၂၀၂၄ ခုနှစ်သည် စစ်ကောင်စီတပ် အထူးအထိနာပြီး ထိန်းချုပ်နယ်မြေများနှင့် တပ်သား အများအပြားကို လက်လွှတ်ဆုံးရှုံးရသည့် နှစ်တနှစ်ဖြစ်သည်။ ထို့ကြောင့် စစ်ရေးအသာရသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့ ထိန်းချုပ်ရာဒေသများကို ပစ်မှတ်ထား၍ တိုင်းရင်းသားများသည် ရာဇဝတ်မှု ကျူးလွန်နေသူများ၊ လူမျိုးရေးဘာသာရေးခွဲခြားသူများ၊ ဗမာများကို ဖိနှိပ်သူများဖြစ်သည်ဟု ပုံဖော်သည့် ဇာတ်ကြောင်းများဖြင့် အချက်အလက်စစ်ဆင်ရေး (Information Operations) [1]ကဏ္ဍကိုလွှမ်းမိုးရန် စစ်ကောင်စီ နှင့် ၎င်းထောက်ခံသူများက အားထုတ်ခဲ့ကြသည်။ NUG၊ PDF၊ တော်လှန်ရေးအင်အားစုများနှင့် ဒေါ်အောင်ဆန်း စုကြည်အပေါ် ထောက်ခံမှုကျဆင်းစေရန် အတွက်လည်း မဟုတ်မမှန်သော အချက်အလက်များဖြင့် စွပ်စွဲ ဖန်တီး ထားသည့်အကြောင်းအရာများကိုအသုံးပြုကာ သတင်းအချက်အလက် စီးဆင်းမှုလမ်းကြောင်းအား လွှမ်းမိုးနိုင် ရန် စနစ်တကျကြိုးပမ်းအားထုတ်ခဲ့ကြသည်။ စစ်ကောင်စီတပ်သားများ စစ်ရေးရှုံးနိမ့်မှုနှင့် လက်နက်ချအညံ့ခံမှု ကို ဖုံးကွယ်သည့်အနေဖြင့် စစ်ကောင်စီထိန်းချုပ်ဝါဒဖြန့်ချိရေး စာမျက်နှာများတွင် တန်ပြန်ဖြန့်ဝေမှု များ တွင်တွင်ကျယ်ကျယ် ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့သော သတင်းတုသတင်းမှား ဆက်စပ်အကြောင်းအရာများအပြင် အရပ်သားများ၊ တက်ကြွ လှုပ်ရှားသူများနှင့် အာဏာရှင်စနစ်ဆန့်ကျင်သူများအတွက် အန္တရာယ်ဖြစ်ပွားစေမည့် လှုံ့ဆော်မှုများကို ယင်း စာမျက်နှာများကဖြန့်ဝေ၍ တန်ပြန်အထိနာစေရန်နှင့် စစ်ကောင်စီ၏ရာဇဝတ်မှုမြောက်သော စစ်ဆင်ရေးများကို ဖုံးကွယ်ရန် အထောက်အပံ့ပေးခဲ့ကြသည်။ သုတ်သင်ရေးအဖွဲ့များဖွဲ့စည်းကာ တယ်လီဂရမ် စာမျက်နှာများမှ တဆင့်ခြိမ်းခြောက်ခြင်း၊ မြေပြင်တွင်အမှန်တကယ်သုတ်သင်ခြင်း၊ လက်လွှတ်ဆုံးရှုံးလိုက်ရသော နယ်မြေများ ကို ပစ်မှတ်ထားပြီးအရပ်သားမဲ့ဧရိယာဟုတံဆိပ်ကပ်ကာ လေကြောင်းတိုက်ခိုက်ရေးလှုံ့ဆော်မှုများကို အွန်လိုင်း မှ တဆင့်ပြုလုပ်၍ မြေပြင်တွင်အမှန်တကယ် တိုက်ခိုက်ခြင်းရှိမရှိကိုလည်း အချိန်နှင့်တပြေးညီ စောင့်ကြည့်၍ တင်ဆက်ခြင်း၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို သာမက စီးပွားရေးလုပ်ငန်းရှင်များကိုပါ ပစ်မှတ်ထားဖမ်းဆီးရန် လှုံ့ဆော်ခြင်းတို့ဖြင့် အာဏာရှင်စနစ်သက်ဆိုးရှည်ရန် စစ်ကောင်စီဆက်စပ်ဝါဒဖြန့်ချိရေးစာမျက်နှာများက အချက်အခြာ ကျသည့် အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့ကြသည်။

## ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်းတွေ့ရသည့် ဝါဒဖြန့်ချိရေးဇာတ်ကြောင်းကြီးများ

ယခု ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ The Red Flag ၏ နေ့စဉ်နှင့်အပတ်စဉ် စောင့်ကြည့်မှု လုပ်ငန်းစဉ်မှတဆင့် သိမ်းဆည်းရရှိထားသော လူမှုမီဒီယာအချက်အလက်စုစုပေါင်း ၆၀၄ ခု ရှိခဲ့ပါသည်။ အဆိုပါ

[1] Information operations and warfare, also known as influence operations, includes the collection of tactical information about an adversary as well as the dissemination of propaganda in pursuit of a competitive advantage over an opponent.
https://www.rand.org/topics/information-operations.html


အချက်အလက်များတွင် စစ်ကောင်စီ၏ ဝါဒဖြန့် စာမျက်နှာများမှ ဖြန့်ဝေနေသည့် သတင်းတုသတင်းမှား သံသယဖြစ်ဖွယ်ရာအကြောင်းအရာများ၊ အန္တရာယ်ဖြစ်စေနိုင်သောအကြောင်းအရာများနှင့် သုတသနလုပ်ငန်းစဉ်အတွက် သက်သေအထောက်အထားအဖြစ် သိမ်းဆည်းသောအကြောင်းအရာများပါဝင်ပါသည်။ ယခင်နှစ်များကတည်းက ပုံ့နှံ့ခဲ့သောဇာတ်ကြောင်းများလည်း လက်ရှိ၂၀၂၅ခုနှစ်တွင်ဆက်လက်ပျံ့နှံ့ လျက်ရှိနေသေးသည်။

စစ်ကောင်စီ၏ အွန်လိုင်းဝါဒဖြန့်စာမျက်နှာများသည် ၂၀၂၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဇာတ်ကြောင်းကြီး ၈ ခုဖြင့် အဓိက စိုးမိုးချယ်လှယ်ကာ ဆန့်ကျင်ဘက်အင်အားစုများကို တိုက်ခိုက်ခဲ့ကြောင်းတွေ့ရှိရသည်။ အဆိုပါဇာတ်ကြောင်းများတွင် အပ်ကြောင်းထပ်ပုံဖော်ဖန်တီးမှုများနှင့် အကြောင်းအရာဟောင်းများလည်း မကြာခဏဆိုသလိုပါဝင်လေ့ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များအား ဒုစရိုက်သမားများအဖြစ် ပုံဖော်ခြင်း၊ စစ်သုံ့ပန်းများကို EROများက သတ်ဖြတ်လိုက်ပြီဟု စစ်ကောင်စီထောက်ခံသူများအကြား သတင်းလွှင့်ခြင်း၊ တော်လှန်ရေးအင်အားစုများကြောင့် ထိုင်းရောက်မြန်မာများအခက်တွေ့ပြီဟု ပုံဖော်ခြင်း၊ အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များက သာ အတင်းအဓမ္မ စစ်သားစုဆောင်းနေသည်ဟု ပုံဖော်ခြင်း၊ ပြည်သူများဆန္ဒအရ ဗုံးကြဲ၍ ချေမှုန်းခြင်းများပြုလုပ်နေခြင်းဟုလိမ်လည်ခြင်း စသည့် ဇာတ်ကြောင်းများကို အထောက်အပံ့ပြုသည့် အကြောင်းအရာများအား လူမှုမီဒီယာပလက်ဖောင်းအစုံတွင် စနစ်တကျ ချိတ်ဆက်ဖြန့်ဝေခဲ့ကြသည်။ ထိုဇာတ်ကြောင်း ၈ ခု အား အထူးပြုလေ့လာမှုကို အပိုင်းလိုက်ခွဲခြားပြီး နောက်ဆက်တွဲအခန်းများတွင် ဖော်ပြထားပါသည်။

## ဇာတ်ကြောင်း ၁ "ဒုစရိုက်သမား တော်လှန်ရေးလက်နက်ကိုင် အဖွဲ့များ"



စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးအပ်ကြောင်းထပ်ဇာတ်ကြောင်းကြီးများအနက် တော်လှန်ရေး လက်နက်ကိုင် အဖွဲ့များအား ဒုစရိုက်မှုကျူးလွန်သူများ၊ လူမျိုးရေးခွဲခြားသူများ၊ အရပ်သားများကို ဖိနှိပ်သူများအဖြစ် ပုံဖော်ခြင်းသည် အဓိကအခန်းကဏ္ဍမှ စိုးမိုးလျက်ရှိနေသည်။ ထိုဇာတ်ကြောင်းနှင့် ပတ်သက်၍ အကြောင်းအရာ ဖြန့်ဝေမှုများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ကျားဖြန့်ကိစ္စအားဦးဆောင်ပါဝင်ခြင်း၊ အရပ်သားများအားသတ်ဖြတ်ပြီး မီးရှို့ခြင်း စသည်တို့ပါဝင်သည်။




*ပုံ(၁) - ဇာတ်ကြောင်း ၁ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ကရင်အမျိုးသားအမျိုးအစည်းအရုံး (KNU) သည် ကျားဖြန့်ကိစ္စတွင်ပါဝင်ပတ်သက်လျက်ရှိကာ ထိုင်း-မြန်မာ နယ်စပ်က စီမံကိန်းများဖြစ်ပေါ်စေရန်အတွက် ၂၀၂၂ ခုနှစ် မေလ ၈ ရက်ဝန်းကျင်တွင် သဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ KNU က တာဝန်ရှိပုဂ္ဂိုလ်များပါဝင်ခဲ့ပြီး[2] KNU ဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းသည် ကျားဖြန့်ခေါင်းဆောင်ဖြစ်သည့်အပြင် ကျားဖြန့်အလိုရှိစာရင်းတွင် ပါဝင်နေသည်[3]ဟု စစ်ကောင်စီဆက်စပ် ဝါဒဖြန့်စာမျက်နှာများက စဉ်ဆက်မပြတ်ဖြန့်ဝေခဲ့သည်။ KNU ဥက္ကဋ္ဌအား ကျားဖြန့်စီမံကိန်းတစ်ခုဖြစ်သည့် KK-Park ကျားဖြန့်ခေါင်းဆောင် အဖြစ် တရုတ်နှင့် အာဆီယံအသိုင်းအဝိုင်းက Blacklist ထည့်သွင်းသည်ဟု Japan သတင်းဌာနများတွင် ဖော်ပြနေကြောင်း အခြေအမြစ်မရှိဖြန့်ဝေမှုများ[4]ရှိခဲ့သည်။ KNU ဥက္ကဋ္ဌ ကို ထပ်မံပစ်မှတ်ထားကာ ၎င်းပိုင်ဆိုင်သည့် ကျားဖြန့်လုပ်ငန်းသုံး ပစ္စည်းများအား ထိုင်းရဲများဖမ်းဆီးရမိသည်ဟုဆိုပြီး ထိုင်းရဲ များ

[2] https://archive.ph/wip/8G6ur
[3] https://archive.ph/8O8aM
[4] https://t.me/terroristlatestnews/707, https://www.youtube.com/watch?v=I39r63QaSc0

စစ်ဆေးနေသည့် ကွန်ပြူတာနှင့်လျှပ်စစ်ပစ္စည်းများပါဝင်သည့် ဓာတ်ပုံများအား မြန်မာအင်္ဂလိပ် ၂ ဘာသာဖြင့် ဖြန့်ဝေ[5]၍ ဒုစရိုက်သမားအဖြစ်တံဆိပ်ကပ်ခဲ့သည်။

ထို့ပြင် တရုတ်ဖိအားကို ထိတ်လန့်သည့်အတွက် KNUခေါင်းဆောင်ပိုင်း တာဝန်ရှိသူများက ထိုင်းနယ်စပ်ရှိ ကျားဖြန့်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း အာဏာသိမ်းစစ်ခေါင်းဆောင်ထံသို့ ဆက်သွယ်ရှင်းပြခဲ့သော်[6]လည်း KNUတာဝန်ရှိသူများက ကျားဖြန့်လုပ်ငန်းနှင့် ဆက်စပ်နေသည့် တရုတ်လူမျိုးအချို့အား KNU အုပ်ချုပ်ရေး နယ်မြေသို့ ပို့ဆောင်ခဲ့သည်[7]ဟု ဝါဒဖြန့် တယ်လီဂရမ် စာမျက်နှာ ဇာတ်လမ်း အမျိုးမျိုးဖန်တီးကာ ဖော်ပြခဲ့ကြသည်။ KNU သာကမက ကိုးကန့်တပ် ဟု လူသိများသည့် မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (MNDAA) နှင့် NUG အပါအဝင် အခြား တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များသည်လည်း ကျားဖြန့်ကိစ္စတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လျက်ရှိနေသည်ဟု စစ်ကောင်စီထောက်ခံသူများ အစုအဖွဲ့က ဖြန့်ဝေခဲ့သေးသည်။ MNDAA သည် လားရှိုးမြို့ရှိ စစ်ရှောင်များ၏ အိမ်ကြီး၊ အိမ်ကောင်းများကို ကျားဖြန့်တွင် ပါဝင်ပတ်သက်နေသူ ရာဇဝတ်မှုကျူးလွန်ထားသည့် တရုတ်လူမျိုးများအား ရောင်းစားထားပြီး ၎င်းတို့ဝင်ရောက်နေထိုက်လျက်ရှိသည်ဟု စစ်ကောင်စီဝါဒဖြန့်စာမျက်နှာများက စွပ်စွဲဖော်ပြကြသည်။ ယင်းအပြင် ကျားဖြန့်လုပ်ငန်းများတွင် NUG ကလူများ ပါဝင်ပတ်သက်နေသည့် သက်သေဟု ဆိုကာ Screenshot တစ်ခုကို ဖြန့်ဝေခဲ့သေးသည်။ အဆိုပါ Screenshot သည် သပိတ်တွင်ပါဝင်ခဲ့ဖူးသည့် လူငယ်တဦးက လစာများသည့် ကာစီနိုဂိတ်စောင့် လုပ်ကြောင်း ရေးသားထားသည့် Screenshotသာဖြစ်ပြီး NUG က ကျားဖြန့်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ကြောင်း ခိုင်မာသည့် သက်သေမဟုတ်ပေ။

ကျားဖြန့်ကိစ္စများအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အမျိုးသမီးများအားလိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးပါသည့်ကားပါမချန် မီးရှို့ဖျက်စီးခြင်း စသည်ဖြင့် ထိလွယ်ရှလွယ်ကိစ္စများ ထည့်သွင်းကာ အကြောင်းအရာဖန်တီးဖြန့်ဝေမှုများလည်း ရှိသည်။ ဟုမ္မလင်း၊ ပင်လယ်ဘူး၊ ဗန်းမောက်ဒေသတွင် ကချင်လွတ်မြောက်ရေးတပ်တော် (KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်များက ဒေသခံ ရှမ်းနီတိုင်းရင်းသူ အမျိုးသမီးများအား ရဲဘော်များ၊ ဗိုလ်များနှင့် အလှည့်ကျ အိပ်စက်ရန်စေခိုင်းပြီး လိင်ကျွန်ပြုခြင်း၊ ကျေးရွာများကို မီးရှို့၍ ရွာသားများကို နှိပ်စက်ခြင်းများပြုလုပ်နေသည်[8]ဟု မီဒီယာအမည်ခံ NP News စာမျက်နှာက ဖော်ပြခဲ့သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးခန်းပြရန်သွားသည့်ကားကို ပဲခူးတိုင်း ပြည်-ပေါက်ခေါင်းလမ်းတွင် PDFများက ကြားဖြတ်တိုက်ခိုက်ရာ ကိုယ်ဝန်ဆောင်နှင့် အမျိုးသမီးများ သေဆုံးခဲ့ပြီး မီးလည်းရှို့ခံခဲ့ရသည်ဟု စစ်ကောင်စီထောက်ခံသည့် စာမျက်နှာများကသတင်းလွှင့်ခဲ့သည်။[9] လွတ်လပ်သည့်သတင်းဌာနများတွင်မူ အဆိုပါကားသည် စစ်တပ်ရိက္ခာပို့ကားဖြစ်သည်ဟု ဖော်ပြထားသည်။[10]

---

5 https://archive.ph/AlEZ8, https://t.me/kothetjournalist9000/76972
6 https://t.me/hminewai/68023
7 https://t.me/hminewai/68304
8 https://archive.ph/jeuuk
9 https://t.me/D2news73122/12258
10 ပြည်-ပေါက်ခေါင်းလမ်းတွင် စစ်တပ်ရိက္ခာပို့သည့် ကားတိုက်ခိုက်ခံရ

ဆန့်ကျင်ဘက်အင်အားစုကို သိက္ခာချပြီး အာဏာရှင်ဆန့်ကျင်ရေးတွင် လူထုထောက်ခံမှု၊ ပါဝင်မှုကျဆင်းအောင် လုပ်ဆောင်ခြင်းသည် စစ်ကောင်စီ၏ ပင်မဇာတ်ကြောင်းဖန်တီးမှုများအနက် တစ်ခုပင်ဖြစ်သည်။ ၂၀၂၅ ခုနှစ်မတ်လအထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများသည် နိုင်ငံအဝန်း မြို့ပေါင်း ၉၀ ကျော်ကို စစ်ကောင်စီထံမှ ရယူခဲ့သည်ဟု သတင်းဌာနများတွင် ဖော်ပြခဲ့သည်။ အဆိုပါ ဒေသအချို့တွင် တရားဥပဒေစိုးမိုးမှုပြန်လည်တည်ဆောက်ရေးအတွက် အချိန်ယူရန်လိုအပ်သည့် ကာလများဖြစ်နေခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများ ကျူးလွန်နေသည့် အချို့သောရာဇဝတ်မှုနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများက စစ်ကောင်စီဘက်တော်သားများအတွက် ပုံကြီးချဲ့ လက်နက်သဖွယ် အသုံးပြုစရာ ဖြစ်နေသည်။

# ဇာတ်ကြောင်း -၂ "လက်နက်ချအညံ့ခံသော်လည်း စစ်သုံ့ပန်းများ သတ်ဖြတ်ခံရ"



စစ်ကောင်စီဆက်စပ် ဝါဒဖြန့်ချိရေးစာမျက်နှာများက ဖြန့်ဝေလေ့ရှိသည့်နောက်ထပ်ဇာတ်ကြောင်း တခုမှာ စစ်သုံ့ပန်းများအသတ်ခံရပြီ ဆိုသည့် ဇာတ်ကြောင်းဖြစ်သည်။ စစ်ကောင်စီတပ်သားများ ပြည်သူနှင့် ပူးပေါင်းရန်၊ ပြည်သူ့ရင်ခွင်ခိုလှုံရန် အာဏာရှင်ဆန်ကျင်ရေးလှုပ်ရှားမှုအစကတည်းက တော်လှန်ရေးအင်အားစုများဘက်က နှိုးဆော်မှုရှိခဲ့ပြီး ပြည်သူနှင့်ပူးပေါင်းခဲ့သည့် CDMစစ်သားဦးရေသည် ၂၀၂၅ ဖေဖော်ဝါရီလအထိ ရရှိထားသည့် အချက်အလက်များအရ ၁၆၀၀၀ အထက်တွင် ရှိနိုင်ကြောင်း ပြည်သူ့ပန်းတိုင်ပြောခွင့်ရ CDM ဗိုလ်မှူးနောင်ရိုးက ပြောဆိုထားသည်။[11] ၂၀၂၁ ခုနှစ်ကတည်း စစ်ကောင်စီတပ်တွင် တပ်သားပြုန်းတီးမှုနှင့် လက်နက်ချအလင်းဝင်မှုနှင့် ပြည်သူ့ရင်ခွင်ခိုလှုံမှု အများအပြားရှိခဲ့သည့်အတွက် စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများသည် တပ်တွင်း ပုန်ကန်မှုနှင့်စိတ်ဓာတ်ရေးရာခြောက်ခြားမှုကို တားဆီးရန်အတွက် "လက်နက်ချ အညံ့ခံ သော်လည်း စစ်သုံ့ပန်းများသတ်ဖြတ်ခံရ" ဆိုသည့် ဇာတ်ကြောင်းကို မကြာခဏဖြန့်ဝေလေ့ရှိသည်။

---

[11] CDMစစ်သားဦးရေတစ်သောင်းခြောက်ထောင်အထက်တွင်ရှိ






*ပုံ(၂) - ဓာတ်ကြောင်း ၂ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ဇန်နဝါရီ (၉) ရက်တွင် PNLO/PNLA (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်)က စစ်တပ်လက်အောက်ခံ PNA (ပအိုဝ်းပြည်သူ့စစ်) တပ်ဖွဲ့ဝင်များအား ဖမ်းဆီးပြီး ရက်ရက်စက်စက် လည်လှီးသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဟုဆိုကာ စစ်ကောင်စီကျောထောက်နောက်ခံ တယ်လီဂရမ်စာမျက်နှာတစ်ခုဖြစ်သည့် မှိုင်းဝေထံတွင် ဓာတ်ပုံများဖြင့်ဖြန့်ဝေခဲ့သည်။[12] ပါဝင်သည့် ဓာတ်ပုံများသည် ရှမ်းပြည်နယ် ဆီဆိုင်တွင် ဖြစ်ပွားသည့် တိုက်ပွဲ၌ စစ်ကောင်စီအပါအဝင် PNO ပြည်သူ့စစ် ၃၆ ဦးသေဆုံး ဆိုသည့် ပအိုဝ်းဒေသတွင်း သတင်းဌာန၏ သတင်းပါဓာတ်ပုံများ[13]ဖြစ်ပြီး စစ်သုံ့ပန်းများအား ကွပ်မျက်ခြင်းဆိုသည့် အထောက်အထားတစုံတရာ ဖော်ပြထားခြင်း မရှိပေ။

နောက်ထပ် အကြောင်းအရာတခုမှာ ၂၀၂၄ ခုနှစ်၊ အာရက္ခတပ်တော် (AA) တပ်မွေးနေ့တွင် လက်နက်ကြီးပစ်ခတ်ပြီး လက်ဆောင်ပေးခဲ့ဖူးသူ လက်နက်ချစစ်သုံ့ပန်း တပ်ကြပ်ကြီးမျိုးမင်းထွန်းကို AA ဖမ်းဆီးပြီးနောက် သတ်ပစ်လိုက်ပြီဟု ဖြန့်ဝေကြခြင်းဖြစ်သည်။[14] ဧပြီလအတွင်းက AA တပ်တော်မွေးနေ့အဖြစ် အမြောက်ကျည်တွင် စာရေးပြီးပစ်ခတ်ခဲ့သည့် တပ်ကြပ်ကြီးမျိုးမင်းထွန်းကို AA အဖွဲ့က အမ်းတိုက်ပွဲအတွင်း

12 https://archive.ph/GucY1

13 https://www.facebook.com/KhamSarNgor/posts/pfbid0FXHa4ygCuSfp34ty3hRS7tM7t6iJPedYaKCHHZXjSyZJzKSp2QQ4Vxpy4Bns4SP7l

14 https://archive.ph/wip/vn4DS

ဖမ်းဆီးရမိခဲ့ပြီးနောက် ရုပ်သံဖိုင်တစ်ပုဒ်ကိုတင်ခဲ့[15]သော်လည်း ထိုရုပ်သံဖိုင်သည်နောက်ပိုင်းတွင် AA Info Desk channel ကဖျက်ပစ်လိုက်သည့်အတွက် စစ်သုံ့ပန်းဖြစ်သည့် တပ်ကြပ်ကြီးမျိုးမင်းထွန်းကို သတ်ပစ် လိုက်ပြီဖြစ်ကြောင်း ဖြန့်ဝေကြခြင်းဖြစ်သော်လည်း ယင်းစွပ်စွဲချက်အတွက်ခိုင်လုံသည့် အထောက်အထားမရှိပေ။ ထို့ပြင် AA သည် စစ်သုံ့ပန်း ၃၆ ဦးကို ထပ်မံသတ်ဖြတ်လိုက်ကြောင်း[16] မောင်တော သတင်းရင်းမြစ်ထံမှ သိရသည်ဟု စစ်ကောင်စီအားပေး ဝါဒဖြန့်စာမျက်နှာတစ်ခုဖြစ်သည့် Kyaw Swar စာမျက်နှာက ဖြန့်ဝေခဲ့သေးသည်။ ယခင်ကတည်းကလည်း ဖမ်းမိစစ်သုံ့ပန်းများအနက် ဗမာများကို ရွေးထုတ်၍ သတ်ဖြတ်မှုများကို AA က အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ကြောင်း လူမျိုးရေးအမုန်းတရားထည့်သွင်းဖြန့်ဝေခဲ့သည်။

အလားတူ MNDAA၊ AA နှင့် TNLA မြောက်ပိုင်းညီနောင်မဟာမိတ် ၃ ဖွဲ့က ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် တရုတ်လူမျိုး ၁၀၀ ခန့်ကို ဇန်နဝါရီ ၂၈ ရက်တွင် သတ်ပစ်လိုက်သည်ဟု ARF Burmese အမည်ရ မီဒီယာ အယောင်ဆောင်ဖေ့ဘွတ်ခ်စာမျက်နှာတစ်ခုက ဖြန့်ဝေခဲ့သည်။[17] အဆိုပါ စာမျက်နှာသည် လွတ်လပ်သည့် သတင်းဌာန တခုဖြစ်သည့် Radio Free Asia ၏ မြန်မာဘာသာဆောင်ပုဒ် "လွတ်လပ်တဲ့အာရှအသံ" ကိုယူသုံးကာ သတင်းဌာနအယောင်ဆောင်၍ စစ်တပ်အတွက်ဝါဒဖြန့်ချိပေးနေသည့် စာမျက်နှာတခုဖြစ်သည်။

ထို့အတူကချင်ပြည်နယ်၊ ဗန်းမော်မြို့အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၂၁) မှ အလံဖြူထောင်သည့် စစ်သုံ့ပန်းများကို စံပြသတ်ဖြတ်ခဲ့သည်ဟု ဗန်းမော်မြို့သူ/မြို့သားများဆုံစည်းရာ ဖေ့ဘွတ်ဂရုတွင် အမည်မဖော်ထားသည့် အကောင့်တစ်ခုက ဖြန့်ဝေခဲ့[18]သည်။ ဗန်းမော်တိုက်ပွဲ၌ ဖမ်းမိစစ်သုံ့ပန်း ၇၀ ကျော်တွင် ဗိုလ်မှူးတစ်ဦး ပါဝင်ကြောင်း သတင်းတင်ဆက်မှုများ[19] ရှိသော်လည်း စစ်သုံ့ပန်းများကို စံပြသတ်ဖြတ်သည့် ဖြစ်စဉ်အား ဖော်ပြမှုများ မရှိပါ။

စစ်ကောင်စီတပ်နှင့် ၎င်းထောက်ခံသူများဘက်က လက်နက်ချအလင်းဝင်မှုများကို မည်သို့ပင်ဖုံးကွယ်စေကာမူ နိုင်ငံအနှံ့အပြား နယ်မြေနှင့်တပ်စခန်းများလက်လွှတ်ဆုံးရှုံးမှုအများအပြားရှိသည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင်တပ်သားများအလံဖြူထောင်လက်နက်ချသည့် ရုပ်သံဖိုင်များသည်လည်း လွတ်လပ်သော သတင်းမီဒီယာများနှင့် လူမှုမီဒီယာစာမျက်နှာများတွင် အများအပြား ပျံ့နှံ့လျက်ရှိနေသည်။ အချို့ဖြစ်စဉ် များတွင် ဖမ်းဆီးထားသည့် သုံ့ပန်းများကို လက်နက်ကိုင်အဖွဲ့များက သတ်ဖြတ်လိုက်သည်ဟု စစ်ကောင်စီဘက်က သတင်းလွှင့်သော်လည်း လက်နက်ကိုင်အဖွဲ့များဘက်က အဆိုပါ သုံ့ပန်းများကို ကောင်းမွန်စွာ ထိန်းသိမ်းထားကြောင်း ရုပ်သံဖိုင်များနှင့်ပြန်လည်တုံ့ပြန်ခဲ့သည့်တိုင် ယင်းသုံ့ပန်းများသည် မကြာခင် သတ်ဖြတ်ခံရမည့်သူများဖြစ်သည်ဟု စစ်ကောင်စီဝါဒဖြန့်ချိသူများက တသတ်မတ်တည်းပြောဆိုပြီး ၎င်းတို့ ဖြန့်ချိလိုသည့် လိမ်လည်သတင်းစကားများကိုသာ ဖြန့်ဝေခဲ့ကြသည်။

---

15 https://westernnewsmm.com/news/8245/

16 https://archive.ph/WuukB

17 https://www.facebook.com/permalink.php?story_fbid=pfbid0z7X3s4TcL3LBuWv4R2djiK8XUZBGrxJcnPTPxVTjQzPHnqJ9j2uNpEMyeomftVmLl&id=61571826165332

18 https://archive.ph/f8kuI

19 https://www.youtube.com/watch?v=nmKQ6Kqifps

# ဇာတ်ကြောင်း ၃ “နီပိတ်များကြောင့် ထိုင်းရောက် မြန်မာအားလုံး အခက်တွေ့ပြီ”




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်ကအာဏာသိမ်းရန်ကြိုးပမ်းကြံစည်သည့်ဖြစ်စဉ် နောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ တက်ကြွလှုပ်ရှားသူများ၊ တော်လှန်ရေးအင်အားစုများသာမက သာမန်အရပ်သားပြည်သူများသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့်အခြားနိုင်ငံများသို့ပုံစံအမျိုးမျိုးဖြင့် လုံခြုံရေးအရသော်လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက်သော်လည်းကောင်း အလုံးအရင်းရွှေ့ပြောင်းအခြေချခဲ့ရသည်။ ထိုသို့ရွှေ့ပြောင်းမှုများတွင် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအခြေချမှုသည် စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများအတွက် ပိုမိုအထိနာ စရာအချက် ဖြစ်နေသည့်အတွက် ထိုင်းနိုင်ငံရောက် ဆန့်ကျင်ဘက်အင်အားစုများကို စိုးမိုးနိုင်ရေးနှင့် အနှောက်အယှက်အဟန့် အတား ပြုလုပ်နိုင်ရေးအတွက် တရားဝင်လမ်းကြောင်းများဖြင့်သာမက အလွတ်သဘောနည်းလမ်းများဖြင့် ချဉ်းကပ်ကာ စစ်ကောင်စီဘက်ကကြံစည်အားထုတ်ခဲ့သည်။ NLD ပါတီဝင်များနှင့်တော်လှန်ရေး အင်အားစုများ ကို နီပိတ်ဟုနှိမ့်ချညွှန်းဆိုကာ နီပိတ်များထိုင်းနိုင်ငံတွင်ရောက်ရှိနေခြင်းကြောင့် ထိုင်းရောက် မြန်မာအားလုံး အခက်တွေ့နေပြီဆိုသည့် ဇာတ်ကြောင်းကို အသုံးပြု၍ အကြောင်းအရာအမျိုးမျိုးမကြာခဏ ဖြန့်ဝေလေ့ရှိသည်။




*ပုံ(၃) - ဇာတ်ကြောင်း ၃ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ထိုင်းနိုင်ငံသို့ တရားမဝင်ခိုးဝင်သည့် NLDပါတီထောက်ခံသူနှင့် တော်လှန်ရေးအင်အားစုများ (မူရင်းတွင်-မြန်မာ့နီပိတ်ဟု ရေးသားထား) ၂၁ဦးကို ဖမ်းဆီးရမိသည်ဟု ဖြန့်ချိမှု[20]၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် တော်လှန်ရေးထောက်ခံသူများအား စစ်ကောင်စီနှင့် ထိုင်း နှစ်နိုင်ငံအစိုးရချင်းပူးပေါင်း၍ ဖမ်းဆီးမည့် ပြည်ထဲရေး စီမံချက် စတင်ပြီဖြစ်ကြောင်းခြိမ်းခြောက်မှု[21]များကို စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်ပေးနေသည့် စာမျက်နှာများတွင်ရေးသားခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားများအပေါ် တင်းကြပ်မှုများ စတင်လိုက်ခြင်းမှာ ကျားဖြန့်ကိစ္စကြောင့် မဟုတ်ဘဲ NUG၊ PDF နှင့် ထောက်ပို့များကြောင့်သာ ဖြစ်ပြီး ယင်းတော်လှန်ရေး အင်အားစုများက လူသတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ စားပြတိုက်ခြင်းများ လုပ်ဆောင်ခြင်းကြောင့် ဖြစ်သည်ဟု စစ်ကောင်စီ ဆက်စပ်ဝါဒဖြန့်ချိရေးစာမျက်နှာများက လုပ်ကြံဖန်တီး ရေးသားကြသည်။[22]

---

20 https://archive.ph/QmpxN
21 https://archive.ph/WZc4W , https://t.me/terroristlatestnews/680
22 https://t.me/kothetjournalist9000/77956

ထို့ပြင် ထိုင်းနိုင်ငံ Nong Bua ဒေသကျေးရွာများတွင် မြန်မာနိုင်ငံသားတော်လှန်ရေးထောက်ခံသူများကို ကန့်သတ်သည့်ညဇ္ဈနာရီနောက်ပိုင်းအိမ်ပြင်မထွက်ရစည်းကမ်းအပါအဝင်တစ်ခြားစည်းမျဉ်းစည်းကမ်းများပါဝင်သော စာရွက်များကို ထိုင်းနိုင်ငံသားများက လိုက်လံကပ်နေသည်ဟု ဖြန့်ချိခဲ့ရာ[23] အဆိုပါ ဖြန့်ဝေမှုကြောင့် ထိုင်းရောက် မြန်မာအသိုင်းအဝိုင်းအကြား ဆွေးနွေးမှုနှင့် စိုးရိမ်မှုမြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်းတွင် လည်း ထိုင်းနိုင်ငံရောက် တော်လှန်ရေးထောက်ခံသူ (မူရင်းတွင် "နီပေါ"ဟုသုံးနှုန်းထား) တစ်ရာကျော်ကို ဖမ်းဆီးရမိကြောင်း ဓာတ်ပုံတစ်ပုံဖြင့်ပူးတွဲ ဖြန့်ချိခဲ့သေးသည်။[24] အဆိုပါ ဓာတ်ပုံသည် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသော မြန်မာနိုင်ငံသား (၁၀၀) ဦးကျော်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်နေ့က ဖမ်းဆီးရမိသည့် ဖြစ်စဉ်မှ သတင်းဓာတ်ပုံသာ[25]ဖြစ်ပြီး စစ်တပ်ထောက်ခံသည့်ဝါဒဖြန့် စာမျက်နှာများက ထိုသူများအားလုံးကို အာဏာရှင်ဆန့်ကျင်သူများဟု တံဆိပ်ကပ်ပုံဖော်ခဲ့ခြင်းသာဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း စစ်ဆေးဖမ်းဆီးမှုများ ပိုမိုလုပ်ဆောင်နေခြင်းကြောင့် အထောက်အထားမဲ့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ ဖမ်းဆီးခံရခြင်း[26]နှင့် မြန်မာကလေးများအား စာသင်ကြားပေးသည့် ကျောင်းများဝင်ရောက်ဖမ်းဆီးခံရခြင်း[27] တို့ ဆက်တိုက် ဖြစ်ပေါ်နေ၍ ထိုင်းနိုင်ငံသို့ ရောက်ရှိသည့် မြန်မာနိုင်သားများ စိုးရိမ်မှုမြင့်တက်[28]ခဲ့ရသည်ကို သတင်းဌာနများကလည်းတင်ဆက်ခဲ့ကြသေးသည်။

ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံမဟာချိုင်ရှိ မြန်မာလုပ်သားကူညီစောင့်ရှောက်ရေး (AAC- Aid Alliance Committee For Myanmar Workers) အဖွဲ့ကို ထိုင်းအစိုးရက ပိတ်သိမ်းရခြင်းသည် ထိုင်းနိုင်ငံရှိ သိန်းနှင့်ချီသည့်မြန်မာလုပ်သားများထံမှ လစဉ်အလှူ ငွေကောက်ခံပြီး ယင်းအလှူငွေများဖြင့် PDF,KNU စသည့် လက်နက်ကိုင်အဖွဲ့များဆီသို့ ထောက်ပို့လုပ်နေခြင်းကြောင့်ဖြစ်သည်ဟု စစ်ကောင်စီအားပေး ဝါဒဖြန့်ချိသူများက ယူကျူစာမျက်နှာများမှ တစ်ဆင့်ပြောဆိုခဲ့ကြသည်။[29] မြန်မာနိုင်ငံအတွင်းရှိ လူငယ်များသည် တော်လှန်ရေးတွင် ပါဝင်သည်ဟုဆိုကာ ထိုင်းနိုင်ငံသို့အလုံးအရင်းဖြင့်ထွက်ပြေးပြီး အလုပ်လုပ်ကိုင်လျက် ထောက်ပို့အတွက် အလှူခံခြင်းအပါအဝင်ထိုင်းနိုင်ငံသားများမျက်စိစပါးမွှေးဆူးစေသည့်အပြုအမူများကိုပြုလုပ်နေသည့်အတွက် ထိုင်းအစိုးရ က အရေးယူဖမ်းဆီးမှုများလုပ်ရခြင်းဖြစ်ပြီး ၎င်းတို့လုပ်ရပ်ကြောင့် ထိုင်းတွင်အမှန်တကယ်အလုပ်လုပ်နေသည့် မြန်မာများဒုက္ခရောက်ရခြင်းဖြစ်သည်ဟု ပြောဆိုထားသည်။[30]

---

23 https://t.me/KKM28640/11260

24 https://t.me/kkm2967097/568

25 https://www.facebook.com/photo.php?fbid=1055352233292845&id=100064542350311&set=a.583637430464330

26 https://www.facebook.com/rfaburmese/posts/pfbid02Cd7MnMH8aNYFx858xZxNWCrdKEZ5Dpwdu7tjz6qEeqEhGqq5PpB65A4YFBZeaPfpl

27 https://www.facebook.com/rfaburmese/posts/pfbid072KYnqbZ35J4wn2njRJdLtQC1q3zaRfCixUULqJVyLzxXFvAjZ6SfhRmHhJmcKZvl

28 https://www.facebook.com/DaweiWatch/posts/pfbid036En3neS7CmKp5CirjVWC6RQ7GhfSHuAb1TnSQTUs3hnjZfCda8WsR6yVAsV5m6aVl

29 https://www.youtube.com/watch?v=quyHJ9ns9YY

30 https://www.youtube.com/watch?v=RAZDa0tXFWs

အခြားစိုးရိမ်ဖွယ်ရာ ချိတ်ဆက်ပုံဖော်မှုတစ်ခုမှာ ထိုင်းနိုင်ငံရောက် မြန်မာအွန်လိုင်းဈေး ရောင်းဝယ်ရေးလုပ်ငန်းများအား ပစ်မှတ်ထားခြင်းဖြစ်သည်။ လွတ်လပ်သည့်သတင်းဌာနများ၏ ဖော်ပြချက်အရ ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံထဲ ဈေးရောင်းနေသော မြန်မာနိုင်ငံသားများကို ဖမ်းဆီးနေသည့်အပြင် မြန်မာပစ္စည်းများကို ရောင်းချနေသော ကုန်စုံဆိုင်များကိုလည်း ဖမ်းဆီးအရေးယူမှု ဆက်တိုက်လုပ်ဆောင်ခဲ့သည့်ဖြစ်စဉ်များမှာ[31] မှန်ကန်ပါသည်။ သို့ရာတွင်ထိုင်းနိုင်ငံတွင် တရားမဝင်အွန်လိုင်းဈေးရောင်းဝယ်ခြင်း ပြုလုပ်နေသူများသည် နွေဦးတော်လှန်ရေးအား ထောက်ပံ့သူများ ဖြစ်ခြင်းကြောင်းစစ်တပ်နှင့် ထိုင်းအစိုးရပူးပေါင်းကာ ဖမ်းဆီးနေသည်ဟု စစ်ကောင်စီထောက် ခံသည့် စာမျက်နှာများ ရည်ရွက်ချက်ရှိရှိချိတ်ဆက်ဖော်ပြပြီး ဖြန့်ဝေခဲ့ကြသည်။[32]

မည်သို့မျှ အတည်မပြုနိုင်သည့် ဖြစ်စဉ်များကိုလည်း စစ်ကောင်စီထောက်ခံသူများက လိုသလိုပုံဖော်ပြီး ထိုင်းနိုင်ငံရောက် တော်လှန်ရေးအင်အားစုများနှင့် ချိတ်ဆက်ဖော်ပြလေ့ရှိကြသည်။ မတ်လအတွင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အမြန်လမ်းပေါ်က ဆောက်လုပ်ဆဲ တံတားပြိုကျမှုတွင် တော်လှန်ရေးထောက်ခံသူ (မူရင်းတွင် "မြန်မာနီပိတ်" ဟုသုံးနှုန်းထား) တစ်ဦးထပ်မံသေဆုံးကြောင်း ဖြန့်ချိခဲ့သည်။[33] လွတ်လပ်သည့် သတင်းဌာနများ၏ ဖော်ပြချက်အရ မတ်လ (၁၅) ရက်တွင် ဘန်ကောက်က ဆောက်လုပ်ဆဲတံတား ပြိုကျမှု၌ မြန်မာနိုင်ငံသား လေးဦးအပါအဝင် သေဆုံးသူ ခြောက်ဦးအထိရှိခဲ့သည့်ဖြစ်စဉ်[34] မှာ မှန်ကန်ပါသည်။ သို့သော် သေဆုံးသူသည် တော်လှန်ရေးထောက်ခံသူဖြစ်ခြင်း၊ တော်လှန်ရေးထောက်ခံ၍ သေဆုံးရသကဲ့သို့ ဖြန့်ချိမှုသည် ပုံဖျက်ဖြန့်ချိခြင်းသာဖြစ်ပြီး ခိုင်လုံသော အထောက်အထားမရှိပေ။ ယင်းအပြင် မတ်လ ၂ ရက်နေ့က မဲဆောက်မြို့ရှိ Lotus ဈေးဝယ်စင်တာ ဩရွဇာရွှေဆိုင်အား သေနတ်ကိုင်ဆောင်ထားသူတစ်ဦး ဝင်ရောက်ကာ ရွှေဆွဲကြိုး၊ ရွှေဘယက်များ လုယက်သည့် ဖြစ်စဉ်ရှိခဲ့သည်။[35] သို့သော် စစ်ကောင်စီ ထောက်ခံသည့် စာမျက်နှာ များတွင် အဆိုပါလုယက်သူသည် ဝရမ်းထုတ်ခံထားရသည့် တော်လှန်ရေးအင်အားစုဘက်က လူဖြစ်သည်ဟု ဖန်တီးဖြန့်ဝေခဲ့ကြသည်။[36] ထိုင်းနိုင်ငံတွင် ဖြစ်ပွားသည့် မြန်မာနိုင်ငံသားများနှင့် ဆက်စပ်သောဖမ်းဆီးမှု၊ ရာဇဝတ်မှု အများစုကို အာဏာရှင်ဆန်ကျင်သည့် အင်အားစုများကျူးလွန်သည့်သဖွယ် စစ်ကောင်စီထောက်ခံ သည့် စာမျက်နှာများက ဖြန့်ဝေပြီး ၎င်းတို့ပုံဖော်လိုသည့် "နီပိတ်များကြောင့် ထိုင်းရောက်မြန်မာများအခက်တွေ့" ဆိုသည့် ဇာတ်ကြောင်းအား အားကောင်းစေရန် လုပ်ဆောင်လျက်ရှိသည်။

---


[31] https://migrantdaweiwatch.com/04/03/2025/103687/?fbclid=IwZXh0bgNhZW0CMTAAAR135GxNSI5xR2
[32] https://archive.ph/5wmvj
[33] https://archive.ph/KugDW
[34] https://www.facebook.com/rfaburmese/posts/pfbid0JK4Z7eXnWNenmCrAfW3p64JrAVrZb3DAX24ACuhvb9xYVznuwqJrJTxHP6Mv5TxSl
[35] https://www.rfa.org/burmese/news/maesot-robbery-gold-shop-03022025130741.html
[36] https://archive.ph/cFPEW

# ဇာတ်ကြောင်း ၄ "တပ်မတော်ပေါ်တာမဆွဲ၊ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကသာ ပေါ်တာဆွဲနေခြင်းဖြစ်သည်။"



## ၄.၁ - စစ်ကောင်စီက ဖိအားပေးစစ်မှုထမ်းခိုင်းနေခြင်းမရှိ

စစ်ကောင်စီတပ်သည် စစ်မှုထမ်းကိစ္စများနှင့်ပတ်သက်ပြီး ဖိအားပေးလုပ်ဆောင်နေခြင်းမရှိကြောင်း ၎င်းကိုထောက်ခံသည့်စာမျက်နှာများက မကြာခဏဖြန့်ဝေကြသည်။ လွတ်လပ်သောသတင်းဌာနများနှင့် မြေပြင်သတင်းအရင်းအမြစ်များ၏ ပြောဆိုဖော်ပြမှုအရ စစ်ကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေပြဌာန်းပြီးသည့်ကာလမှ စတင်ကာ ဧည့်စာရင်းစစ်ဆေးခြင်းကို ပိုမိုတင်းကြပ်စွာ လုပ်ဆောင်ခြင်း၊ စစ်မှုထမ်းခေါ်စာများ ပြည်သူများနေအိမ်သို့ ပို့ဆောင်ခြင်း၊ လူငယ်များကို အတင်းအဓမ္မစစ်မှုထမ်းရန် ဖမ်းဆီးခြင်း နှင့် ပေါ်တာဆွဲခြင်းတို့ကို စဉ်ဆက်မပြတ်ကျူးလွန်လျက်ရှိနေကြောင်း သိရသည်။




*ပုံ(၄) - ဇာတ်ကြောင်း ၄ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

၂၀၂၄ခုနှစ် ဖေဖော်ဝါရီ စစ်မှုထမ်း ဥပဒေ စတင်ပြဋ္ဌာန်းသည့်အချိန် မှစ၍ တစ်နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီအထိ စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၀) အထိ ခေါ်ယူပြီးဖြစ်ကာ လူငယ် အမျိုးသားအယောက် ၅ သောင်းနီးပါး စစ်တပ်ထဲရောက်ခဲ့ပြီဟု အကြမ်းဖျင်းယူဆနိုင်ကြောင်း BBC သတင်းဌာနက ဖော်ပြထားသည်။[37] လက်ရှိအချိန်တွင် အမျိုးသမီးများပါ မချန်စစ်မှုထမ်းအပတ်စဉ်များအတွက် ခေါ်ယူနေပြီဆိုသည့် သတင်းအချက်အလက်များကြောင့် လူငယ်အမျိုးသမီးများ စိုးရိမ်မှုမြင့်တက်ခဲ့ရပြန်သည်။ စစ်ကောင်စီဝါဒဖြန့် စာမျက်နှာများကမူ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အမျိုးသမီးများအားခေါ်ယူရန် အစီအစဉ်မရှိဘဲ သတင်းမှားများ ပျံ့နှံ့နေခြင်း သာဖြစ်သည်ဟု ဖြန့်ဝေခဲ့ပြန်သည်။[38] လွတ်လပ်သည့် သတင်းဌာနများတွင် ရန်ကုန်၌ စစ်ကောင်စီ လက်အောက်ခံ ရပ်ကျေးများက အမျိုးသမီးစစ်မှုထမ်းများအတွက် စာရင်းကောက်ခံ၊ စိစစ်ခြင်းနှင့် စာရင်းကပ်ထားခြင်းများ ပြုလုပ်နေကြောင်း ကာယကံရှင် ပြည်သူ၊ မိသားစုဝင်များ၏ ပြောဆို အတည်ပြုချက်များဖြင့် သတင်းတင်ဆက်ခဲ့မှုများကို တွေ့ရသည်။[39] ထို့ပြင် အမျိုးသမီးစစ်မှုထမ်းများအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက

---

37 https://www.bbc.com/burmese/articles/cn7vy15j16vo
38 https://archive.ph/q1IHE, https://archive.ph/XEezE
39 https://www.facebook.com/LuduNwayOo/posts/pfbid0yxLvqZnLfcwhpEdXncyNAMKRu5vh3ZFPEgdzye8T4C2XR9u6YCRap23pfKdR4mNil

စတင်၍ သင်တန်းကျောင်းများစတင်ပြင်ဆင်နေကြောင်း CDM တပ်အသိုင်းအဝိုင်းက သိရှိရသည်ဟု BBC သတင်းဌာန တွင်လည်း ဖော်ပြခဲ့သည်။[40]

စစ်ကောင်စီဆက်စပ်စာမျက်နှာများက ထိုသို့ ဖိနှိပ်မှုများမရှိကြောင်း ငြင်းဆိုကြသော်လည်း လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးဖြစ်သည့် ဘူးလက်လှဆွေကမူ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန်အတွက် တပ်ထဲရောက်လာပြီး ထွက်ပြေးသူ အများအပြားရှိနေသည့်အတွက် ယင်းပြဿနာကိုလျှော့ကျစေရန် ဥပဒေတခု ထပ်ထုတ်သင့်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းအချို့သည် လက်နက်များပါ ယူပြီးထွက်ပြေးနေသည့်အတွက် စစ်ပြေးဆိုလျှင်သေဒဏ်ပြစ်ဒဏ်နှင့် စစ်ပြေးကိုလက်ခံထားသည့် မိသားစုဆိုပါက သေဒဏ်ဆိုသည့် အမိန့်ကို ထုတ်ရန်လိုအပ်သည်ဟု ၎င်း၏ တစ်တော့စာမျက်နှာမှ တစ်ဆင့် ကြောက်မက်ဖွယ်ရာ လှုံ့ဆော်ခဲ့သည်။[41] ဘူးလက်လှဆွေသည် အရပ်သားများကို မြေပြင်တွင် အမှန်တကယ်အန္တရာယ်ဖြစ်စေရန် လှုံ့ဆော်မှုများဖြစ်သည့် လေကြောင်းတိုက်ခိုက်မှုများကိုလည်း ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အတွင်း တစ်တော့ စာမျက်နှာမှတစ်ဆင့် ရက်ရက်စက်စက်လှုံ့ဆော်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။

အရပ်သားပြည်သူအများအပြားက စစ်မှုထမ်းဥပဒေအားအလိုမရှိသည့်အတွက် ဆန့်ကျင်ခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ခြင်းများ ပြုလုပ်နေသည့်ကာလတွင် မည်သည့်အခါမှထိုဥပဒေကို မရုတ်သိမ်းရန် ပြည်သူ့စစ်မှုထမ်းတစ်ဦးက လာရောက်တောင်းဆိုနေသည့်ပုံစံ ဖန်တီးထားသည့် Screenshot တခုကို အသုံးပြု၍ စစ်မှုထမ်းအတွက် ပြည်သူများကိုယ်တိုင်က လိုလိုလားလားရှိသည့်အသွင် ဖန်တီးကာ စစ်ကောင်စီ ထောက်ခံဝါဒ ဖြန့်ပေးနေသည့် စာမျက်နှာများအနက် လူသိများထင်ရှားသော သဇင်ဦးစာမျက်နှာက ထိုအကြောင်းအရာကို ဖြန့်ဝေခဲ့သေးသည်။[42] ထို့ပြင် မြန်မာနိုင်ငံတနိုင်ငံလုံးရှိ ပြည်သူ့စစ်မှုထမ်းများသည် သင်တန်းပြီးဆုံးပါက တိုက်ပွဲများတွင်ဝင်ရောက်တာဝန်ထမ်းဆောင်နေကြရာ တိုက်ပွဲအတွင်းထူးချွန်သူများစွာ ရှိနေသည့်အတွက် အစိုးရက ရာထူးတိုးမြှင့်ပေးနေပြီဖြစ်ကြောင်းနှင့် တပ်သားအဆင့်မှ ဒုတပ်ကြပ်၊ တပ်ကြပ်ရာထူးများသို့ တိုးမြှင့်ပေးနေသကဲ့သို့ ၁၀တန်းအောင်ပြီးဘွဲ့မရသေးသူများကိုလည်း ဗိုလ်သင်တန်းဝင်ရောက် ဖြေဆိုခွင့်ပေးနေပြီဖြစ်သည်ဟု မီဒီယာအယောင်ဆောင် စစ်တပ်ဘက်ယိမ်းသည့် People Media စာမျက်နှာကို ဦးဆောင်နေသည့် ကျော်စိုးဦး က တစ်တော့ စာမျက်နှာမှတစ်ဆင့် ပြောဆိုခဲ့သည်။[43]

## ၄.၂ - လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကသာ ပေါ်တာဆွဲနေခြင်းဖြစ်သည်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင်ပြဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံအဝန်းရှိ အရပ်သားပြည်သူများအတွက် စိုးရိမ်ထိတ်လန့်စရာ ဖြစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် လွတ်မြောက်နယ်မြေများသို့ တိမ်းရှောင်

---


40 https://www.facebook.com/BBCnewsBurmese/posts/pfbid02ZgjWxvTue1pzvsCti2vjqRaDNJEGkqFyb1pnbydVGBHgY65fuUhR3QLUDRUq2Kkkl

41 https://www.tiktok.com/@bullet.hlaswe/video/7483368455052332296

42 https://t.me/Thazinoo969/26069

43 https://www.tiktok.com/@kyaw.soe.oo.peoplemedia/video/7465693643731422471

ကြသည့် လူငယ်အများအပြားရှိခဲ့သည်။ စစ်ကောင်စီသည် စစ်မှုထမ်းဥပဒေကိုအသက်မသွင်းခင်ကတည်းက အတင်းအဓမ္မတပ်သားစုဆောင်းမှု(သို့မဟုတ်) အရပ်အခေါ် ပေါ်တာဆွဲမှု များပြုလုပ်သည့်ဖြစ်စဉ်များရှိခဲ့ပြီး ဥပဒေကို အသက်သွင်းပြီး နောက်ပိုင်းတွင်လည်း အဆိုပါလုပ်ရပ်များကို ပေါ်ပေါ်ထင်ထင် ဆက်လက်ကျူးလွန်ခဲ့သည်။ စစ်ကောင်စီ၏ အွန်လိုင်းဝါဒဖြန့်စာမျက်နှာများတွင်မူ စစ်ကောင်စီအနေဖြင့် ပေါ်တာဆွဲနေခြင်း မရှိကြောင်းနှင့် ပြည်သူများက ၎င်းတို့ ဆန္ဒအရ နိုင်ငံတော်ကိုကာကွယ်ရန် စစ်မှုထမ်းသင်တန်း သို့ လာရောက်ပူးပေါင်းကြောင်းဖော်ပြပြီး လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များကသာ အတင်းအဓမ္မတပ်သားသစ်စုဆောင်းနေခြင်း၊ ပေါ်တာဆွဲနေခြင်းတို့ကို ပြုလုပ်နေသည်ဟု ဖြန့်ဝေရေးသားကြသည်။




*ပုံ(၅) - ဇာတ်ကြောင်း ၄ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ဇန်နဝါရီလ အတွင်းက KIA အဖွဲ့သည် အင်းတော်၊သပိတ်ကျင်း ဗန်းမော်မြို့များရှိ စစ်ဘေးရှောင်ပြည်သူများကို မိန်းကလေး ယောကျ်ားလေးမခွဲခြားဘဲ တပ်သားအသစ်အဖြစ်စုဆောင်းပြီး ဗန်းမော်ရှေ့တန်း စစ်မြေပြင်သို့ ပို့ဆောင်နေကြောင်း[44] စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်ချိမှုများ တစိုက်မတ်မတ်ပြုလုပ်နေသည့် ကျော်စွာ က ၎င်း၏ ယူကျူုစာမျက်နှာ ရုပ်သံဖိုင်မှ တဆင့်ပြောကြားခဲ့သည်။ ထို့ပြင် KIA သည် လူမျိုးပေါင်းစုံအား ပေါ်တာဆွဲနေသည်ဟု ဒေသအခြေစိုက်မီဒီယာအယောင်ဆောင်ထားသည့် ဖေ့ဘွတ်ခ် စာမျက်နှာတစ်ခုက ဖြန့်ချိခဲ့သေးသည်။[45]

၁၀၂၇ စစ်ဆင်ရေးလှိုင်းများနောက်ဆက်တွဲ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသတွင် ထိန်းချုပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပေါ်တာဆွဲမှုများရှိကြောင်း သတင်းဖော်ပြမှုများ တွေ့ရသည်။ အဆိုပါ ဖြစ်ရပ်များကို အခြေခံ၍ စစ်ကောင်စီ၏ အတင်းအဓမ္မတပ်သားသစ်စုဆောင်းမှုနှင့် ပေါ် တာဆွဲသည့်ကိစ္စများကို ဖုံးကွယ်ရန်

44 https://www.youtube.com/watch?v=1JwQZvA60pU
45 https://archive.ph/y0J7a

ဖြစ်စဉ်အမှန်အကြောင်းအရာအချို့ကို အချက်အလက်အမှားများဖြင့် ဝါဒဖြန့်ချိရန်ဖန်တီးပြီး စစ်ကောင်စီဝါဒဖြန့် စာမျက်နှာများက ဖြန့်ဝေခဲ့ကြသည်။ တအာင်းတပ် (TNLA) သည် နောင်ချိုအနီးရှိကျေးရွာများမှ လူငယ်များကို ပေါ်တာ ဆွဲနေခြင်းကြောင့် လူငယ် များထွက်ပြေးနေရ[46]၊ TNLA နှင့် ပူးပေါင်းအဖွဲ့ မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် ရှိ ကျေးရွာများမှ လီဆူလူငယ်များကို တပ်ထဲမဝင်မနေရဟု ဆိုကာလိုက်ဖမ်းဆီးနေ[47]၊ TNLA တပ်ဖွဲ့သိမ်းပိုက်စဉ်က သပြေပန်းများနှင့်ကြိုဆိုခဲ့သူများသည် ယခုအခါတွင် မိုးကုတ်မြို့စောင့်တပ်ဖွဲ့ရန်အတွက် TNLA နှင့် USWA တပ်ဖွဲ့များ၏ ပေါ်တာဆွဲမှုများကြောင့် မြို့တွင်းမှ ထွက်ပြေးနေကြရ[48] စသည့်အကြောင်းအရာများကို စစ်ကောင်စီ ထောက်ခံသည့် စာမျက်နှာများတွင် ပုံကြီးချဲ့ရေးသားထားကြောင်း တွေ့ရသည်။ ထို့ပြင် TNLA သည် ဓနုတော်လှန်ရေးတပ်ဖွဲ့ဖြစ်သည့် DPLA ကို လက်နက် ၅၀၀ ပေးထားကာ လူသစ် ၅၀၀၀ စုဆောင်းခိုင်းထားပြီး ဓနုလက်နက်ကိုင်များသည် အသက် ၁၅နှစ်မှ ၂၅ နှစ်ကြား အမျိုးသမီး အများအပြားကိုစုဆောင်းနေကြကြောင်း၊ ယင်းအမျိုးသမီးများကို ဝ ပြည်သို့ပို့ဆောင်မည်ဖြစ် သည်ဟု ဒေသခံများ၏ သတင်းပေးပို့ချက်အရသိရကြောင်း အမျိုးသားရေးအစွန်းရောက်များအစုအဖွဲ့ထဲက ထင်ရှားသူတစ်ဦးဖြစ်သည့် ဇော်ဘုန်းဟိန်းက ၎င်း၏ တစ်တော့စာမျက်နှာမှ တစ်ဆင့်ပြောဆိုခဲ့သည်။[49]

ကရင်ပြည်နယ်အတွင်းတွင်လည်း ကရင်အမျိုးသားအစည်းအရုံး (KNU) က တပ်သားသစ်စုဆောင်း နေပြီး လူမပေးနိုင်ပါက ငွေကြေးကောက်ခံနေသည်ဟု စစ်ကောင်စီထောက်ခံသည့် အကောင့်အတုများက ရေးသားလျက် စစ်ကောင်စီတပ်နှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပြုလုပ်လေ့ရှိသည့် လုပ်ရပ်များကို တန်ပြန်ဖုံးကွယ်ကြသည်။ အခြားထိတ်လန့်ဖွယ်ရာ ဖန်တီးထားသည့် အကြောင်းအရာတစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF စိုးမိုးနယ်မြေများတွင် အသက် ၁၄ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးအားလုံး စစ်မှုထမ်းဆောင်ရပြီး ပျက်ကွက်ပါက ပစ်သတ်ခံရကြောင်း ဖြန့်ချိမှုဖြစ်ကာ အရပ်သားပြည်သူများနှင့် တော်လှန်ရေးအင်အားစုများအကြား ယုံကြည်မှုပြိုကွဲစေရန် ပုံကြီးချဲ့ရေးသားသည့် အကြောင်းအရာဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။[50]

---

46 https://t.me/aungnews/9993

47 https://www.facebook.com/groups/190321188249734/permalink/1709809502967554/?mibextid=oFDknk&rdid=HwcbLSNiSScTELkD&share_url=https%3A%2F%2Fwww.facebook.com%2Fshare%2Fp%2F1Dy9mg2V3c%2F%3Fmibextid%3DoFDknk#

48 https://www.youtube.com/watch?v=qx6ZoUaxD5Y


49 https://www.tiktok.com/@zawbhonehein3/video/7472661558238137618

50 https://t.me/KKM28640/10595

# ဇာတ်ကြောင်း ၅ “ငါတို့သည် သင်တို့အား စောင့်ကြည့်နေသည်၊ ဖမ်းဆီးမည်၊ ထောင်ချမည်”



စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးယန္တရားတွင် တစ်စိုက်မတ်မတ်ဖြန့်ချိလေ့ရှိသည့် နောက်ထပ် ဇာတ်ကြောင်းတခုမှာ ဖမ်းဆီးမည်၊ ထောင်ချမည်ဆိုသည့် ဇာတ်ကြောင်းဖြစ်ပြီး အရပ်သားပြည်သူများ၏ လူမှုမီဒီယာ အသုံးပြုလှုပ်ရှားမှုများနှင့် အာဏာရှင်ဆန့်ကျင်ရေးတွင်ပါဝင်မှုကို စောင့်ကြည့်ပြီးဖမ်းဆီးရန် လှုံ့ဆော်သည့် အကြောင်းအရာများကို စဉ်ဆက်မပြတ်ဖြန့်ဝေလျက်ရှိသည်။ စစ်ကောင်စီတပ်အား ဝေဖန်ဆန့်ကျင်သူများ၊ တပ်တွင်း ဖရဲသီးများ၊ တက်ကြွလှုပ်ရှားသူများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ဆက်စပ်သူများကို အဓိကပစ်မှတ်ထားပြီးဖမ်းဆီးရန်လှုံ့ဆော်ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်းထူးခြားသည့် ဖမ်းဆီးရေး လှုံ့ဆော်မှုများမှာ ဖေ့ဘွတ်ခ်အကြောင်းအရာအောက်တွင် မှတ်ချက်ပြုသူများအားစောင့်ကြည့်၍ ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ ဖရဲသီးများကို ဖော်ထုတ်အရေးယူရန်လှုံ့ဆော်ခြင်း၊ ငလျင်နှင့်ပတ်သက်၍ စစ်ကောင်စီကို ဝေဖန်သူများအား ဖမ်းဆီးရန်လှုံ့ဆော် ခြင်းတို့ ဖြစ်ပါသည်။




*ပုံ(၆) - ဇာတ်ကြောင်း ၅ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများမျက်မုန်းကျိုးသည့် သတင်းဌာန တခု ဖြစ်သော ခေတ်သစ်မီဒီယာ အောက်တွင် မှတ်ချက်ဝင်ရောက်ရေးသားသူ တဦးအား ဖေ့ဘွတ်လူမှုမီဒီယာမှ တစ်ဆင့်ခြေရာခံကာ အာဏာရှင် ဆန့်ကျင်ရေးတွင် ပါဝင်ခဲ့သည့် Screenshot အထောက်အထားများရယူပြီး နေရပ်လိပ်စာပူးတွဲဖော်ပြလျက် သဇင်ဦး၏ တယ်လီဂရမ်စာမျက်နှာမှတဆင့် ဖမ်းဆီးရန်လှုံ့ဆော်ခဲ့သည်။ ထို့ပြင် အဆိုပါပြည်သူ၏ ယခင်လုပ်ခဲ့ ဖူးသောအလုပ်အကိုင်နှင့်လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများကိုပါ ဖော်ထုတ်ကာ PDF များနှင့် ဆက်စပ်နေမည်ဖြစ်သည့်အတွက် အကောင့်များကို စစ်ဆေးရန်လည်း ထည့်သွင်း လှုံ့ဆော်ခဲ့သည်။[51]

[51] https://archive.ph/wip/1iruM

အာဏာရှင်ဆန့်ကျင်သူအနုပညာရှင်တဦးဖြစ်သည့် လင်းလင်း၏ ရောင်နီသီချင်းကို အသုံးပြု၍ တစ်တော့ရုပ်သံဖိုင်ရိုက်ကူးခြင်းနှင့် သီချင်းသီဆိုခြင်းများကိုလည်း စစ်ကောင်စီ ထောက်ခံသည့် တယ်လီဂရမ် စာမျက်နှာများက ဖမ်းဆီးရန်လှုံ့ဆော်ခဲ့ပြီး ထိုသို့ ဆက်လက်ပြုလုပ်မည်ဆိုပါ ထောင်ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။[52] မှတ်ချက်ဝင်ရောက်ရေးသားခြင်း အာဏာရှင်ဆန့်ကျင်သည့်လှုပ်ရှားမှုများပြုလုပ်နေခြင်း မရှိသော်လည်း အဆိုပါ သီချင်းအား အသုံးပြုသူ မှန်သမျှ အကြမ်းဖက်ဥပဒေဖြင့် ငြိစွန်းပြီး ထိုသို့အသုံးပြုခြင်းအား စစ်ကောင်စီတပ်သားများထံသတင်းပို့တိုင်ကြားပါက ဖမ်းဆီးခံရမည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

ဆက်လက်ပြီး အစိုးရဌာနများမှ လျှို့ဝှက်စာများ ပေါက်ကြားနေခြင်းသည် ဖရဲသီးများကြောင့်ဖြစ်ပြီး ဖရဲသီးများကိုနှိမ်နင်းရမည်ဟု မကြာခဏ ဖြန့်ဝေလေ့ရှိသည်။ စစ်တပ်အတွင်း လျှို့ဝှက်ညွှန်ကြားစာများသည် မီဒီယာများထံသို့ ချက်ခြင်းရောက်ရှိသွားခြင်းမှာ အကျင့်ပျက်ဝန်ထမ်း ဖရဲသီးများကြောင့်ဖြစ်ကြောင်း CDM မလုပ်သော်လည်း CDM များကို အားပေးနေသည့် ရာထူးကြီးဖရဲသီးများရှိနေသေးပြီး ၎င်းတို့ကို ဖော်ထုတ်အရေးယူရမည်ဖြစ်သည်ဟု စစ်ကောင်စီတပ်၏ အကြိုးစားဝါဒဖြန့်ချိသူ ကျော်စွာက ၎င်း၏ ယူကျူစာမျက်နှာမှ တစ်ဆင့်ပြောဆိုခဲ့သည်။[53] မကြာသေးမီက ငလျင်ဒဏ်သင့်ဒေသများအားကူညီရန်အတွက် စစ်ကောင်စီက ရန်ကုန်မြို့ ရွှေလင်ဗန်းစက်မှုဇုံရှိကုမ္ပဏီ များကို အလှူငွေထည့်ရန် စာပေးပို့မှုသည် ခေတ်သစ်မီဒီယာထံရောက်ရှိသွားခဲ့သေးသည်။[54]

ဇန်နဝါရီ လကုန်ပိုင်းတုန်းကလည်း ရေဆင်းတက္ကသိုလ်နေရာ ပြောင်းလဲဖွင့်လှစ်ရမည်ဟု ပို့စ်တင်ခဲ့သည့် အငြိမ်းစားတက္ကသိုလ် ပါမောက္ခတစ်ဦး အား ဖမ်းဆီးအပြစ်ပေးရန်အတွက် ကျော်စွာတယ်လီဂရမ်စာမျက်နှာတွင် လှုံ့ဆော်ခဲ့သည်။[55] ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်များအား ရေဆင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေသည့် အကြောင်းအား စစ်ကောင်စီခန့်စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အစည်းအဝေးတခုတွင် တက္ကသိုလ်မှ အဆင့်မြင့်အရာရှိများအား ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း The Irrawaddy သတင်းဌာနတွင် သတင်းတင်ဆက်ထားပါသည်။[56] ထူးခြားချက်မှာ ရေဆင်းတက္ကသိုလ် ပြောင်းရွှေ့ရမည်ဖြစ်၍ စိတ်ထိခိုက်ကြောင်းတင်ထားသည့် အငြိမ်းစားတက္ကသိုလ် ပါမောက္ခတစ်ဦးအား ဖမ်းဆီးရန်လှုံ့ဆော်ရာတွင် Screen Record လုပ်ထားသည့် ရုပ်သံပါရှိသည်။ ယင်းရုပ်သံအရ ဖေ့ဘွတ်ခ်အကြောင်းအရာတစ်ခုအောက်တွင် Like& Share, Comment လုပ်သူများသာမက ၎င်းတို့၏ မူရင်းအကောင့်များအထိပါ ဝင်ရောက်စိစစ်မှုများ ပြုလုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား မှတ်တမ်းရယူနေကြောင်း တွေ့ရှိမှုကိုကြည့်ခြင်းအားဖြင့် စစ်ကောင်စီဝါဒဖြန့်ချန်နယ်များက ပြည်သူများ၏ Facebookအကောင့်များကို စောင့်ကြည့်သည့် လုပ်ငန်းစဉ်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။


---

52 https://t.me/BABANYUNT6/18757
53 https://www.youtube.com/watch?v=J_fs16lW0WE
54 https://yktnews.com/2025/03/209588/
55 https://archive.ph/7CdTm
56 https://burma.irrawaddy.com/news/2025/01/27/396334.html?fbclid=IwY2xjawIGPDtleHRuA2FlbQIxMQABHa2Mbv0RZBCNIQy2LlcWeKdIn7Ihrr7lP496y4B1OtRjFkxVR_zDiM5BZw_aem_pbWE9RibVLsf3WTpO31fEA

# ဇာတ်ကြောင်း ၆ "နစက လက်လွှတ်ဆုံးရှုံးနယ်မြေများ" ပြန်သိမ်းမည်၊ ပြန်အပ်မည်၊ ပြန်ရပြီ




ပုံ့နှံ့ခဲ့သောဇာတ်ကြောင်းကြီးများအနက် "နစက လက်လွှတ်ဆုံးရှုံးနယ်မြေများအား ပြန်သိမ်းမည်၊ ပြန်အပ်မည်၊ ပြန်ရပြီ" ဆိုသည့် ဇာတ်ကြောင်းနှင့်ဆက်စပ်သော အကြောင်းအရာများသည်လည်း စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးစာမျက်နှာများတွင် လွှမ်းမိုးခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ကောင်စီတပ်လက် လွတ်ဆုံးရှုံးခဲ့ရသည့် မြို့များနှင့်ပတ်သက်၍ ပြန်အပ်၊ မအပ်ဆိုသည့်ကိစ္စရပ်များသည် ဝါဒဖြန့်စာမျက်နှာများတွင် သာမက လွတ်လပ်သည့် သတင်းဌာနများတွင်ပါ ကွဲလွဲသော ဖော်ပြချက်များစွာဖြင့်ပုံ့နှံ့ခဲ့သည့်အတွက် စစ်ကောင် စီ ဝါဒဖြန့်ချိသူများအတွက် မျက်စိကျစရာဇာတ်ကြောင်းတစ်ခု ဖြစ်ခဲ့သည်။




THE RED FLAG




*ပုံ(၇) - ဇာတ်ကြောင်း ၆ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ဖန်နဝါရီလကုန်ပိုင်းတွင်ကိုးကန့်တပ် (MNDAA) က လားရှိုးမြို့အား စစ်တပ်ထံပြန်လည်ပေးအပ်ခဲ့ပြီး စစ်တပ်က ကွတ်ခိုင်၊ သိန္နီ၊ ကွမ်းလုံ၊ လောက်ကိုင် ခရိုင် ၄ ခုအား အထူးဒေသ (၁) အဖြစ် MNDAA ကို အုပ်ချုပ်ခွင့် ပေးလိုက်သည်ဟု သတင်းတုသတင်းမှားများတင်လေ့ရှိသည့် ဖေ့ဘွတ်ခ် အကောင့်တစ်ခုက ဖြန့်ဝေခဲ့သည်။[57] ထို့အတူ မတ်လ (၂၅) ရက်တွင် ကိုးကန့်တပ် MNDAA က လားရှိုးမှ အပြီးဆုတ်ခွာမည်ဖြစ်ပြီး မတ်လ ၂၇ ရက် နောက်ပိုင်းတွင် ကိုးကန့်သိမ်းပိုက်ထားသည့် ရှမ်းမြောက်နေရာများတွင် စစ်တပ်က ပြန်လည်ခြေချနိုင်မည်ဖြစ် ကြောင်း တယ်လီဂရမ်ဝါဒဖြန့်စာမျက်နှာများတွင် ဖြန့်ဝေခဲ့ပြန်သည်။[58] လားရှိုးမြို့ရှိ ကိုးကန့်တပ် (MNDAA)များ ပြန်လည်ဆုတ်ခွာခြင်းမပြုရန် အဓိပ္ပာယ်ရသည့် စာများအား မြို့ခံပြည်သူများ အယောင်ဆောင်ကာ MNDAA

---

[57] https://www.facebook.com/waizaw.khine.3/posts/pfbid0E6x68sQ9hwfQzJZxQtthN1NJJVcE1ko2o4RNMm9EM5zVD2ZMGozYeUQ2fawx7dwNl

[58] https://t.me/snowqueen023/85634

အဖွဲ့ဝင်များက လိုက်လံကပ်နေကြောင်းလည်း ဖြန့်ချိမှုများ[59] ရှိခဲ့သည်။ ဒေသတွင်း သတင်းဌာနများနှင့် လွတ်လပ်သည့် သတင်းဌာနများတွင် မတ် ၂၀ ရက်ညပိုင်း လားရှိုးမြို့၏ အထင်ကရနေရာများ၌ တရုတ်ဆန့်ကျင်ရေး စာတန်းများကို ကပ်သည့် ပြောက်ကျားသပိတ်ကို လားရှိုးမြို့ခံများက ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။[60] သို့သော် ယင်းလှုပ်ရှားမှုအား မည်သူများ ဆောင်ရွက်ခဲ့ကြောင်း အတိအကျအတည်မပြုနိုင်သော်လည်း MNDAA က ယင်းစာကပ်မှုကို မလိုလားဘဲ ချက်ချင်းလိုက်လံဖယ်ရှား ခဲ့သည်ဟု BBC သတင်းဌာနက ဖော်ပြခဲ့ပါသည်။[61] သို့ရာတွင် စစ်တပ်ထောက်ခံသည့် အစုအဖွဲ့များကမူ စစ်ရှုံးထားသည်ကို အငြိုးထား၍ တိုင်းရင်းသား လက်နက်ကိုင်များအား တစ်နည်းမဟုတ်တစ်နည်း အကြောင်းအရာချဲ့ကားပုံဖော်ကာ ရေးသားဖြန့်ဝေနေကြသည်။

ကချင်ပြည်နယ်တွင်လည်း ဗန်းမော်မြို့အား စစ်ကောင်စီတပ်က အလုံးစုံပြန်လည်သိမ်းပိုက်နိုင်ပြီး KIA တပ်ပေါင်းစု ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားကြောင်း[62]၊ တိုင်းရင်းသားတော်လှန်ရေး တပ်များဖြစ်သည့် KIA နှင့် TNLA သည် စစ်ရှုံးနေပြီး စိုးမိုးနယ်မြေများအား မကြာမီလက်လွှတ်ရတော့မည်[63]ဖြစ်ပြီး ဗန်းမော်မြို့ကို စစ်တပ်ကအပြည့်အဝပြန်ထိန်းချုပ်ထားပြီးပြီဖြစ်ကြောင်း[64] စသည့် အကြောင်းအရာများကို ဝါဒဖြန့်စာမျက်နှာများက အင်တိုက်အားတိုက်ဖြန့်ဝေခဲ့ကြသည်။ စစ်ကောင်စီတပ်အနေဖြင့် လက်လွှတ် ဆုံးရှုံးခဲ့သည့် နယ်မြေများပြန်ရရန်အတွက် နေ့စဉ်နှင့်အမျှ လေကြောင်း၊ကြည်းကြောင်း၊ ရေကြောင်း နည်းလမ်းမျိုးစုံဖြင့် ပြန်လည်ထိုးစစ်ဆင်နေသည်မှာမှန်ကန်သော်လည်း စစ်ကောင်စီတပ်၏ဝါဒဖြန့်ချိသူများသည် ရန်သူကိုလှည့်စားရန်နှင့် တပ်တွင်းစိတ်ဓာတ်မပျက်ပြားစေရန်အတွက် မြို့ရွာများကိုပြန်သိမ်းနိုင်ပြီဖြစ်ကြောင်း စဉ်ဆက်မပြတ် ဖြန့်ဝေနေကြသည်။

---

[59] https://archive.ph/55PVn

[60] https://www.facebook.com/LuduNwayOo/posts/pfbid02ja1RCRV5FzhF8i8Shjf9cAxVUoP6LfLdL2SAZkXCqgFAyifismWmMSnVLvGjaNyLl

[61] https://www.bbc.com/burmese/articles/c1en1ypl5qwo?fbclid=IwZXh0bgNhZW0CMTEAAR316wb2an8mNWIm8AE0U4W9euFCgTjHrvOo8s9OJtwaINoNeJuVA4qfCFQ_aem_El1RzzyLZdLQbKCFlHQ-NA

[62] https://www.facebook.com/groups/704898833769147/posts/1701737784085242/


[63] https://t.me/kyawswar49111/24016

[64] https://www.facebook.com/permalink.php?story_fbid=pfbid023ao9rTZ42jya2TiVoXMT8LocigiGRCpGSu6optdq8KqmmwHYNsBi2AzSXjVdz2Nml&id=61572283028490&__cft__[0]=AZU7PAWuZG9h7IOgdWPVnfdcQ9j3yajp2jxXyx-GcqeizYbm4gC9Zi-Hb9tuU5MSQXJZVYZX0I6psddUtY5l71SbOyOv7am4AJT5Yws-tWMhnS06ggZgwTDkqqx_F-qPefLxVTxUoJhFnPoLu5PBHR_Q&__tn__=%2CO%2CP-R

## ဇာတ်ကြောင်း ၇ "ဗုံးကြဲခြင်းသည် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ခြင်း"



စစ်ကောင်စီသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များတွင် လေကြောင်းတိုက်ခိုက်မှုကို အပြင်းအထန်ပြုလုပ်ပြုလုပ်ခဲ့ပြီး အရပ်သားသေကြေပျက်စီးမှုလည်း အများအပြားရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာတွင် ဝါဒဖြန့်တယ်လီဂရမ်စာမျက်နှာများဖြင့်ပါ ချိတ်ဆက်၍ ပြည်သူကိုအကြောက်တရားသွင်းကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သတင်းဌာနအချို့ကလည်း အဆိုပါဖြစ်စဉ်ကို မှတ်တမ်းတင် ဖော်ထုတ်ရေးသားမှုများရှိခဲ့သည်။ ယခု ၂၀၂၅ ခုနှစ်တွင်လည်း လေကြောင်းတိုက်ခိုက်မှုများကို အဆက်မပြတ်ပြုလုပ်နေဆဲဖြစ်သည်။ တိုက်ခိုက်မှုမပြုလုပ်ခင်ဖြစ်စေ ပြုလုပ်ပြီးဖြစ်စေ စစ်ကောင်စီဆက်စပ်ဝါဒဖြန့်တယ်လီဂရမ်စာမျက်နှာများက ထိုဒေသများကို အရပ်သားမဲ့ရေိယာ၊ ပြည်သူကင်းစင်သည့်မြို့များရွာများအဖြစ်တံဆိပ်ကပ်ပုံဖော်လျက် စစ်ကောင်စီ၏အကြမ်းဖက်မှုကိုဖုံးကွယ်ပေးလေ့ရှိသည်။ ထို့ပြင် ဒေသခံပြည်သူများကိုယ်တိုင်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပေးရန် တောင်းဆိုနေခြင်းဖြစ်သောကြောင့် ပြည့်သူ့ဆန္ဒကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းလည်း အကြောင်းအရာများ ဖန်တီးဖြန့်ဝေကြသည်။ အချို့တိုက်ခိုက်မှုဖြစ်စဉ်များကို ဖုန်း၊ အင်တာနက်လိုင်းများမှတစ်ဆင့် ချိတ်ဆက်၍ပြုလုပ်ခြင်းဖြစ်ပြီး တော်လှန်ရေးအင်အားစုများဘက်က သတင်းပေးများဖြင့်ကာ ပြုလုပ်သည်ဟုလည်း တယ်လီဂရမ်စာမျက်နှာများကဖော်ပြကြသည်။




*ပုံ(၈) - ဇာတ်ကြောင်း ၇ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ*

ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ရှိ ကျောက်နီမော်ကျေးရွာကို စစ်ကောင်စီတပ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများ နေအိမ်မီးလောင်ပျက်ဆီးပြီး လူသေဆုံးမှုများရှိသည်ဟု မီဒီယာများက လိမ်ညာ ရေးသားကြသော်လည်း ဖြစ်စဉ်အမှန်မှာ ယင်းဒေသရှိ ငြိမ်းချမ်းရေးလိုလားသော ရခိုင်ပြည်သူများက သတင်းပေးသည့်အတွက် တိတိကျကျဖြင့် ဗုံးကြဲပေးရခြင်းဖြစ်သည်ဟု အမျိုးသားရေး အစွန်းရောက်ဘုန်းကြီး ပေါက်ကိုယ်တော်က ၎င်း၏ ယူကျူစာမျက်နှာမှတစ်ဆင့်ပြောဆိုခဲ့သည်။ အလားတူ မိုးကုတ်မြို့တွင်လည်း ပြည်သူလူထု၏ တိကျသောသတင်းပေးပို့မှုကြောင့် စစ်တပ်က တိတိကျကျ ဗုံးကြဲပေးပြီး ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်းနှင့် မကြာခင် လားရှိုး၊ သိန္နီ၊ မတ္တရာဘက်တွင်လည်း ပြည်သူ့ဆန္ဒအရ ဗုံးကြဲလိမ့်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။[65] နောင်ချိုမြို့နယ်ကျောက်တောရွာတွင်လည်း PDF များကို အားပေးထောက်ခံသူများကြောင့် တစ်ရွာလုံးလိုလိုကြောက်ရွံ့နေရပြီး ဒေသခံ အစိုးရဝန်ထမ်းများကို ပြန်လာရန်ပြောဆိုထားကာ ပြန်မလာပါက မိသားစုဝင်များအား PDF ထဲသို့ထည့်မည်ဖြစ်သည့် အတွက် PDF ထဲဝင်ရမည့်အတူတူ တစ်ရွာလုံးကိုဗုံးကြဲပေးရန်တောင်းဆိုထားသည်ဟု အမျိုးသားရေးအစွန်းရောက် လှုပ်ရှားသူများအစုအဖွဲ့ထဲမှ ဇော်ဘုန်းဟိန်းက ပြောဆိုလှုံ့ဆော်ခဲ့သည်။[66] စစ်ကောင်စီက ရှမ်းမြောက်၊ နောင်ချိုမြို့ပေါ် ရှိTNLAခေါင်းဆောင်များ အစည်းအဝေးလုပ်နေသည့်နေရာအားအတိအကျ ဗုံးကြဲနိုင်ခြင်း ကြောင့် TNLA ၄၀ဦးခန့် သေဆုံးခဲ့ပြီး ဒေသခံပြည်သူများက ဗုံးကြဲပေးခြင်းကြောင့် ပျော်ရွှင်နေကြောင်း စစ်တပ် ကျောထောက်နောက်ခံတယ်လီဂရမ်စာမျက်နှာများက ရေးသားဖော်ပြကြသည်။

[65] https://www.youtube.com/watch?v=yX3k-Z0y7XY
[66] https://www.tiktok.com/@zawbhonehein3/video/7475380384813813010

နောက်ထပ် အမျိုးသားရေးအစွန်းရောက်လှုပ်ရှားသူတစ်ဦးဖြစ်သည့် မပုတု၏ တစ်တော့စာမျက်နှာ တွင်လည်း NUG အဖွဲ့သည် စစ်ကိုင်းတိုင်းအတွင်း ဇန်နဝါရီလမှစပြီး ရုံးစိုက်ကွပ်ကဲမည်ဟုဆိုထားသောကြောင့် ရုံးစိုက်မည့်နေရာသည် တမူး၊ ရွှေပြည်အေး၊ ခန်းပတ် စသည့် မြို့ ၃ခု ဖြစ်နိုင်ကြောင်းနှင့် စစ်ကောင်စီအနေဖြင့် ယင်း ၃ မြို့ကို လေကြောင်းမှ ဖုံးကြဲရှင်းလင်းသင့်ကြောင်း လှုံ့ဆော်တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုမှု အပြီးတွင် စစ်ကောင်စီတပ်က အဆိုပါမြို့သုံးခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်အတွက် အရပ်သားထိခိုက်သေဆုံးမှုရှိခဲ့သည်ဟု လွတ်လပ်သောသတင်းဌာနများက ဖော်ပြခဲ့သည်။[67]

ထိုသို့လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာတွင် တော်လှန်ရေးအင်အားစုများဘက်က သတင်းပေးခြင်းကြောင့်သော်လည်းကောင်း၊ ပြည်သူများက သတင်းပေးခြင်းကြောင့်သော်လည်းကောင်း၊ စစ်တပ်သတင်းပေးအသွင်ယူထားသည့် သတင်းထောက်များကြောင့် သော်လည်းကောင်း[68] စစ်ကောင်စီတပ်အနေဖြင့် ပြုလုပ်နိုင်နေခြင်းဖြစ်သည်ဟု ဝါဒဖြန့်စာမျက်နှာများက ရေးသားကြသည်။ NUG PDF များရှိသည့် ခမ်းပတ်မြို့ တည်နေရာအတိအကျကို NUG အဖွဲ့မှ ပြည်ထဲရေးဝန်ကြီး လွင်ကိုလတ်က စစ်ကောင်စီထံသတင်းပေးပို့မှုကြောင့် တိတိကျကျ ဖုံးကြဲချေမှုန်းခဲ့နိုင်သည်ဟု ပေါက်ကိုယ်တော်က သူ၏ ယူကျူတွင် ပြောဆိုခဲ့သည်။ ထို့ပြင် NUG,PDFများအသုံးပြုနေသည့် ဖုန်းလိုင်းများအင်တာနက်လိုင်းများသည် အစိုးရဆာဗာကိုဖြတ်သန်းရသည့် အတွက်ဖုံးကြဲရန်အချက်အလက်များ ရရှိနေပြီးဖြစ်ကာ မလိုအပ်သေးသည့်အတွက်သာ စစ်ကောင်စီတပ်က မလုပ်ဆောင်သေးခြင်း ဖြစ်သည်ဟုလည်း ပြောဆိုမှုများရှိသည်။[69] တော်လှန်ရေးအင်အားစုများဘက်က ထုတ်လွှင့်နေသည့် ရေဒီယိုလှိုင်းများကိုအခြေခံ၍လည်း နေရာဖော်ထုတ်ပြီးဖုံးကြဲရန်နှင့် ဆက်သွယ်ရေးနှောင့်ယှက်မှုများ ပြုလုပ်ရန်လှုံ့ဆော်မှုများရှိခဲ့သည်။[70] အင်တာနက်နှင့်ဖုန်းလိုင်းများမရှိပါက သတင်းအချက်လက်များ ပြတ်လပ်မှုမရှိစေရန်အတွက် တော်လှန်ရေးအင်အားစုများ အနေဖြင့် ရေဒီယိုများမှတဆင့် သတင်းတင်ဆက်မှုများရှိနေသည်မှာ မှန်ကန်သည်။ ထို့ပြင် စစ်ကောင်စီတပ်ကလည်း လက်လွတ်ရသည့် နေရာများရှိ ပြည်သူများကို ဦးတည်သည့် တိုက်ခိုက်မှုများကိုနေ့စဉ်ပြုလုပ်လျက်ရှိနေသည်။ ထို့ကြောင့် ရေဒီယိုလှိုင်းများကို အခြေခံ၍ဖုံးကြဲရန်နှင့် ဆက်သွယ်ရေးအနှောင့်အယှက်ပြုရန် လှုံ့ဆော်မှုသည် အန္တရာယ်ရှိသည့် အတွက် အထူးသတိပြုရန် လိုအပ်နေပေသည်။

ယခု ဇာတ်ကြောင်းအတွက် ထောက်ပံ့သည့်အကြောင်းအရာများကိုလေ့လာကြည့်ရာ စစ်မျက်နှာပြင်များတွင် စစ်ကောင်စီတပ်များပြန်လည်အသာစီးရနေခြင်းသည် ဒေသခံပြည်သူလူထု ကအကြမ်းဖက်မှုများကို ရွံမုန်းလာသည့်အတွက် PDF များရှိသည့်နေရာအတိအကျသတင်းများကို စစ်တပ်ထံသို့ပေးပို့ခြင်းများကြောင့် ဖြစ်သည်ဟု ပုံဖော်ကြသည်ကိုတွေ့ရသည်။


---

67 https://burmese.dvb.no/post/632885
68 https://archive.ph/52mXm
69 https://www.tiktok.com/@kyaw.soe.oo.peoplemedia/video/7465694380855282962
70 https://archive.ph/RLJaM

# ဇာတ်ကြောင်း ၈ ”အရိုင်းဆုံးလူမျိုး ရခိုင်လူမျိုးလား”



စစ်ကောင်စီတပ်က မကြာခဏအသုံးပြုလေ့ရှိသည် အခြား ဇာတ်ကြောင်းတခုမှာ ရခိုင်လူမျိုးများသည် ကြမ်းကြုတ်ရက်စက်သည်၊ ရိုင်းစိုင်းသည်၊ အခြားလူမျိုးများကိုမုန်းတီးသည် ဆိုသည့် ဇာတ်ကြောင်းဖြစ်သည်။ ထို ဇာတ်ကြောင်းပုံဖော်မှုကို အားကောင်းစေရန်အတွက် ရခိုင်ပြည်တွင် စစ်ရေးအသာရပြီး တပြည်နယ် လုံးနီးပါး သိမ်းထားနိုင်သည့် AA အဖွဲ့ကို အများဆုံးပစ်မှတ်ထားလျက် အမုန်းတရားလှုံ့ဆော်သည့် အကြောင်းအရာများကို စစ်ကောင်စီတပ်ထောက်ခံသည့် စာမျက်နှာများက ဖြန့်ဝေကြသည်။




***ပုံ(၉) - ဇာတ်ကြောင်း ၈ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ***

စစ်ကောင်စီတပ်မိသားစုဝင်လက်နက်ချသူများကို AA အဖွဲ့က ခုတ်ထစ်သတ်ဖြတ်ခဲ့သည်အား မြင်တွေ့ဖူးကြမည်ဖြစ်ပြီး AA သည် ရခိုင်ပြည်နယ်လွတ်မြောက်ရေးဇန်းပြကာ ဗမာမုန်းတီးရေးကိုလုပ်ဆောင် နေခြင်းကြောင့် စစ်ကောင်စီအနေဖြင့်ပြတ်ပြတ်သားသားလုပ်ဆောင်ရန်လိုအပ်သည်ဟု ပေါက်ကိုယ်တော်၏ ပြောဆိုမှု[71]၊ မောင်တောမြို့တော်ခန်းမရှေ့က မဟာဗန္ဓုလရုပ်တုခေါင်းဖြတ် ဖျက်ဆီးခံရမှုကို ကြည့်ပါက မြေပြင်တွင် မည်သည့်လူမျိုးများ အယုတ်မာဆုံးဖြစ်သည်ကို သိရှိနိုင်ပြီး အလှည့်ကျလျှင်မနွဲ့စတမ်း၊ ဗမာများသွေးစည်းပါက အတိုးအရင်းပြန်ပေးဆပ်ရမည်ဟု ကြိမ်းဝါးမှု[72]တို့သည် ပြင်းထန်လွန်းသော လူမျိုးရေး အမုန်းတရား လှုံ့ဆော်မှုများဖြစ်သည်။

နယ်မြေစိုးမိုးမှုအများအပြားရရှိထားသည့် AA လက်နက်ကိုင်အဖွဲ့အနေဖြင့် ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည့် မှတ်တမ်းကို အရပ်ဘက်အဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာ မီဒီယာများက ဇန်နဝါရီလအတွင်းဖော်ပြမှုများ[73]ရှိခဲ့သည်။ ထိုမှတ်တမ်းအချို့ကို စစ်ကောင်စီ၏ ဝါဒဖြန့် စာမျက်နှာများက အခွင့်ကောင်းယူပြီး AA နှင့်သာမက ရခိုင်လူမျိုးတစ်ရပ်လုံးနှင့် အခြားလူမျိုးများ၊ အင်အားစုများအကြား အမုန်းတရားပိုမိုကြီးမားစေရန် ပြုလုပ်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ချက်များကြောင့် AA လက်နက်ကိုင်အဖွဲ့သာမက နိုင်ငံအဝန်းရှိ ရခိုင်လူမျိုးများပစ်မှတ်ထားပြီး ခွဲခြားတင်းကြပ်ခံရသည့် ဖြစ်စဉ် များရှိခဲ့သည်။ အခြားတိုင်းရင်းသားများနှင့်ယှဉ်လျှင် စစ်ကောင်စီထောက်ခံသူများသည် ရခိုင်လူမျိုးများကို အငြိုး အတေး ပိုထားပြီး အမုန်းတရားလှုံ့ဆော်မှုများပြုလုပ်ကြသည်။ ရခိုင်ပြည်တွင် လက်နက်ကိုင်နိုင်သည့်အရွယ် တိုင်းသည်

[71] https://www.youtube.com/watch?v=H49CXy0FzIQ
[72] https://www.tiktok.com/@kokothet7777/photo/7457757319229656327
[73] https://www.fortifyrights.org/mya-inv-2025-01-23/, https://www.abc.net.au/news/2025-01-30/myanmar-arakan-army-admit-killing-prisoners-of-war/104869846, https://www.amnesty.org/en/latest/news/2024/08/myanmar-new-attacks-against-rohingya-a-disturbing-echo-of-2017-mass-violence,

AA ဖြစ်ခြင်းကြောင့်လူအကုန်သတ်လည်း AAသာဖြစ်၍အပြစ်မရှိကြောင်း ပြင်းထန်သောလှုံ့ဆော် မှု[74]များသည် စစ်ကောင်စီဆပ်စပ်ဝါဒဖြန့်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည်။


[74] https://archive.ph/WvLzG

# ဇာတ်ကြောင်း ၉ "လျောင်ကာလ တပ်မတော်သာမရှိလျှင် ပိုဆိုးမည်"



၂၀၂၅ ခုနှစ် မတ် ၂၈ရက် စစ်ကိုင်းလျောင်ကြီးသည် စစ်ကောင်စီ ထိန်းချုပ်ရာ မြန်မာပြည် အလယ်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ တံတားဦး၊ မန္တလေး၊ မြစ်သား၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူ စသည့်မြို့ရွာများတည်ရှိသည့် စစ်ကိုင်းပြတ်ရွေ့တလျှောက် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့၍ ပျက်စီး၊ ထိခိုက်သေဆုံးမှုများ ယခုတိုင် စာရင်းမရပ်တန့်နိုင်သေးပါ။ နှစ်ပေါင်းတစ်ရာအတွင်း အာရှတိုက်တွင် အဆိုးရွားဆုံး "လူမှုအသိုင်းအဝိုင်း" ပြိုကျပျက်စီးသွားစေသည့် စစ်ကိုင်းလျောင်လှုပ်ခတ်မှုဖြစ်၍ ကမ္ဘာကြီးနှင့် နိုင်ငံတကာ၏ ကရုဏာသက်မှုများက မြန်မာပြည်သို့ ရောက်ရှိခဲ့သည်။ ယင်းကိုအသုံးချ၍ နိုင်ငံရေး တရားဝင်မှုရရန် ကြိုးပမ်းခြင်းနှင့် စစ်ရေးချဲ့ထွင်မှုကိုလည်း အာဏာသိမ်းစစ်ခေါင်းဆောင်က ပြုလုပ်ခဲ့ပါသည်။

ဓာတ်ပုံများထဲတွင်သာ လျောင်ကယ်ဆယ်ရေးလုပ်သယောင် ဖန်တီးထားသည့် စစ်ကောင်စီတပ်နှင့် ၎င်း၏အပေါင်းပါများသည် မြေပြင်ကယ်ဆယ်ရေးတွင် ထိရောက်သည့် ကူညီကယ်ဆယ်ပေးနိုင်မှု မရှိကြောင်း ပြည်သူများက မျက်ဝါးထင်ထင် တွေ့ရှိပြီး ဖြစ်သော်လည်း ဝါဒဖြန့်ချိရေးယန္တရားတွင်မူ "ကယ်တင်ရှင်" အဖြစ်မှတစ်ပြားသားမှမလျော့ပေ။




***ပုံ(၁၀) - ဇာတ်ကြောင်း ၉ ကို အထောက်အပံ့ပြုသည့် အကြောင်းအရာဖြန့်ဝေမှုများ***

"လျှော်ဘေးတွင် လူအသေအပျောက်များရခြင်းသည် NUG ကြောင့်ဖြစ်သည်"[75]၊ "တော်လှန်ရေးကြောင့်ဖြစ်သည်"၊ "CDMများကြောင့် ဖြစ်သည်"၊ "ဆောက်လုပ်ရေး ကုမ္ပဏီများကြောင့် ဖြစ်သည်" စသဖြင့် လက်ညှိုးထိုး၊ ခေါင်းရှောင်ပြီး သတင်းတုများစွာကို စစ်ကောင်စီတပ်က ဖန်တီးဖြန့်ချိခဲ့၊ ဖြန့်ချိဆဲ ဖြစ်သည်။ ခေတ်အဆက်ဆက် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး၊ နာဂစ်ကာလ၊ မိုခါကာလ စသဖြင့် သဘာဝဘေးကြုံတိုင်း စစ်တပ်ကသာ ကူညီ၊ ကယ်ဆယ်ခဲ့ရကြောင်း[76] ဖန်တီးထားသည့်အကြောင်းအရာများ အချိန်ကိုက် ထွက်ပေါ်လာခဲ့သည်။ ထို့ပြင် အတိတ်၊ နမိတ်ကို ယုံကြည်သည့် မြန်မာ့ဓလေ့ထုံးတမ်းကိုအခြေခံ၍ တော်လှန်ရေးအင်အားစုများ လှုပ်ရှားခဲ့သည့် "တိုင်းပြည်သေဒဏ်သင့်နေ၍ ယနေ့ဘုရားပိတ်သည် သပိတ်" ၊ "လမ်းမများတွင် ထမိန်အလံများလွှင့်ထူခြင်း၊ ဘုန်းကြီးများကို စော်ကားခြင်း၊ လစဉ်သုံးပစ္စည်းများကပ်၍ သရုပ်ဖော်ဆန္ဒပြမှု"၊ "ဝိညာဉ်များ သပိတ်"[77] စသဖြင့် လှုပ်ရှားမှုများကြောင့် ဖြစ်ကြောင်း၊ မြန်မာပြည်မြေပုံ မွေးနေ့ကိတ်ကို ဒေါ်အောင်ဆန်းစုကြည် ခွဲခဲ့၍ ဖြစ်ကြောင်းနှင့် NLD အစိုးရလက်ထက်က စစ်ကိုင်းကောင်းမှုတော်ဘုရားတွင် လှူခဲ့သည့် စည်တော်ကြီးကြောင့် ဖြစ်ကြောင်း စသဖြင့် ယုံကြည်သက်ဝင်မှုအခြေခံသည့် ဇာတ်ကြောင်း အဟောင်း ဖြန့်ချိမှုများကို သုံးစွဲခဲ့သည်။ သို့သော် စစ်ကောင်စီဝါဒဖြန့်ချိသူများ လုံးဝမဖော်ပြသည့် အချက်မှာ ယင်းစည်တော်အမည်ပေးမှုတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သူသည် ယခုအခါ စစ်တပ်နှင့် ဆရာဒကာ ညီညွတ်နေသည့် "သီတဂူဆရာတော်" ဖြစ်ကြောင်းပင်ဖြစ်သည်။ ထို့ပြင် ယင်းစည်တော်နှင့် ပတ်သက်၍ အယူအစွဲများမှာ

[75] https://www.youtube.com/watch?v=MXwrx812q54
[76] https://archive.ph/CeDKP
[77] https://www.tiktok.com/@shwemm143/video/7487850232038821125

မမှန်ကန်ကြောင်း[78] အချက်အလက်စိစစ်ပေးမှုများစွာ[79] ရှိသည်ကိုလည်း လျစ်လျူရှု၍ တော်လှန်ရေး အင်အားစုများကြောင့်သာ ငလျင်ပေါ်ပေါက်လာသကဲ့သို့ ဆက်လက် ဖြန့်ချိနေဆဲ ဖြစ်သည်။

မည်သို့ပင် မှသာဝါဒလှိုင်းလုံးများကို ဖန်တီးလိမ်လည်နေစေကာမူ ငလျင်လှုပ်ခတ်သကဲ့သို့ပင် စစ်ကောင်စီတပ်၏ လိမ်လည်မှုကို “ဘွားကနဲ” ပေါ်သွားစေသည့် ဖြစ်ရပ်က လျင်မြန်စွာ ဖြစ်ပွားခဲ့သည်။ ယင်းမှာ မြန်မာ့ငလျင်ဘေးသို့ ကူညီရန်လာသည့် တရုတ်နိုင်ငံ၏ ကြက်ခြေနီယာဉ်တန်းကို စစ်ကောင်စီတပ်လက်အောက်ငယ်သားများက ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ပစ်ခတ်မှုဖြစ်လျှင်ဖြစ်ခြင်း စစ်ကောင်စီတပ်က ပစ်ခတ်ကြောင်း လွတ်လပ်သည့် သတင်းဌာနများတွင် အချိန်နှင့်တပြေးညီ ဖော်ပြခဲ့ကြသော်လည်း စစ်ကောင်စီဝါဒဖြန့် တယ်လီဂရမ်စာမျက်နှာများက ယင်းသို့ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း[80] ဘူးခံငြင်းခဲ့ပြီး ဖန်တီးထားသည့် ဇာတ်ကြောင်းဖြန့်ချိမှုများ ပြုလုပ်ခဲ့ပါသည်။

သို့သော် စစ်ကောင်စီတပ်၏ ခေါင်းကိုင်ဖခင် တရုတ်ယာဉ်တန်းဖြစ်ခြင်းကြောင့် စစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကိုယ်တိုင် နေ့မကူးဘဲ “ကူညီကယ်ဆယ်ရေးယာဉ်တန်းကို မိုးပေါ်ထောင်ပစ်ခတ်မိခဲ့ကြောင်း” ဝန်ခံခဲ့ရပါသည်။ ထို့ပြင်စစ်တပ်၏ သဘာဝဘေးကို လျစ်လျူရှုသည့် အကြမ်းဖက်မှုကို ကွက်ကွက်ကွင်းကွင်းမြင်သာစေသည့် နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ အိန္ဒိယနိုင်ငံသား ကယ်ဆယ်ရေးသမားတစ်ဦးရေးသားသည့် "သေနတ်ပြောင်းဝရှေ့တွင် ငလျင်ဒဏ်သင့်နေသည့် မြန်မာပြည်သူများ၏ ဖိနှိပ်ခံရမှု[81]" အကြောင်း အရာသည် ကမ္ဘာသိဖြစ်ခဲ့ရသည်။

စစ်ကောင်စီတပ်၏ မှသာဝါဒများက ယင်းဖြစ်စဉ်များတွင် ဘူးပေါ်သလိုပေါ် ခဲ့သော်လည်း စစ်တပ်က မျက်နှာပြောင်တိုက်၍ သဘာဝဘေးကို အကြောင်းပြကာ နိုင်ငံရေးအမြတ်ထုတ်မှု၊ စစ်ရေးချဲ့ထွင်မှုများကို ဆက်တိုက်ပြုလုပ်နေခဲ့သည်။ ငလျင်ဒဏ်သင့်နေချိန် လေယာဉ်၊ ရဟတ်ယာဉ်များကို ကယ်ဆယ်ရေးအတွက် အသုံးမပြုဘဲ ငလျင်ဒဏ်သင့်ဒေသများပါအပါအဝင် တော်လှန်ရေးစိုးမိုးရာ ဒေသများရှိ ပြည်သူများကို ဦးတည်၍ ဗုံးကြဲခဲ့သည်။ စစ်ရေးချဲ့ထွင်မှုများ ပြုလုပ်ခဲ့သည်မှာ ပကတိ မြေပြင်အမှန်တရားဖြစ်ကြောင်း သတင်းဌာနများနှင့် ငလျင်ဒဏ်သင့် ပြည်သူများက မှတ်တမ်းတင်ခဲ့ကြသည်။

ထို့ပြင် စစ်တပ်သည် ထိရောက်သည့် ကယ်ဆယ်မှုများကို ကိုယ်တိုင်မပြုလုပ်ရုံသာမက ပြည်တွင်းရှိ ကိုယ်ထူကိုယ်ထ ကယ်ဆယ်ရေးလုပ်မည့် ပြည်သူများကို ကန့်သတ်ခြင်း၊ ဖမ်းဆီးခြင်းများပြုလုပ်ပြီး ကယ်ဆယ်ချင်သည့် နိုင်ငံခြားတိုင်းပြည်များ ကိုလည်း ကန့်သတ်ခဲ့သည်။ ထိုမျှမက နိုင်ငံတကာ သတင်းမီဒီယာများကို ဝင်ခွင့်မပေးခြင်းနှင့် နိုင်ငံခြားသားအလည်အပတ်ဗီဇာကိုပင်[82] ပိတ်ပင်လိုက်ပါသေးသည်။

---

78 စစ်ကိုင်းစည်တော်ကြီးနှင့် စစ်တပ်ဝါဒဖြန့်သတင်းအမှား

79 စည်တော်ကြီးကြောင့် စစ်ကိုင်းတိုင်း ကပ်ဘေးသင့် အထိနာ ဆိုသည့် သတင်းအမှား

80 https://archive.ph/k0AX5


81 အိန္ဒိယကယ်ဆယ်ရေးသမားရေးသည့် သေနတ်ပြောင်းဝရှေ့တွင် ငလျင်ဒဏ်သင့်နေသည့် မြန်မာပြည်သူများ

82 နိုင်ငံတကာ သတင်းမီဒီယာများနှင့် နိုင်ငံခြားသား အလည်ဗီဇာများကို စစ်ကောင်စီတပ် ကန့်သတ်

မြေပြင်တွင် လျောင်ဒဏ်ခံနေရသည့်ပြည်သူများကို ကယ်ဆယ်ရန်မဆိုထားနှင့် ၎င်းတို့ဌာနေ နေပြည်တော်ရှိ စစ်ကောင်စီတပ်မိသားစုဝင်များ၊ ၎င်း၏လက်အောက်ခံ ဝန်ထမ်းများကိုပင် ကူညီကယ်ဆယ်မှု မပြုလုပ်နိုင်၍ သေဆုံး၊ ပျက်စီးမှုများ အင်မတန်များပြားနေသော်လည်း နေပြည်တော်နှင့် ပတ်သက်၍ သတင်း အမှောင်ချထားဆဲ ဖြစ်သည်။ အွန်လိုင်းပေါ်တွင်သာ စစ်တပ်က ကယ်တင်ရှင်အဖြစ် သရုပ်ဖော်၊ ဓာတ်ပုံများတွင် သရုပ်ဆောင်ထားသော်လည်း လက်တွေ့မြေပြင်တွင် ၎င်းတို့၏ စစ်တပ်အသိုင်းအဝိုင်းကိုပင် ကယ်ဆယ်နိုင်ခြင်း မရှိကြောင်း ဖြစ်ရပ်များက သက်သေခံနေပါသည်။

# ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ရုပ်ပုံများ


၂၀၂၅ ခုနှစ် ပထမသုံးလ အတွင်း The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် Telegram, Facebook, Tiktok, Youtubeပလက်ဖောင်းများတွင်တွေ့ရသည့် အန္တရာယ်ဖြစ်စေနိုင်သောအကြောင်းအရာ၊ သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာနှင့်၊ ကိုးကားရန် သက်သေအထောက်အထား စသည့် အကြောင်းအရာ စုစုပေါင်း ၆၀၄ ခု သိမ်းဆည်းနိုင်ခဲ့ပါသည်။ ယင်းတို့ကို အခြေခံ၍ အန္တရာယ်ဖြစ်နိုင်မှု အခြေအနေ၊ အကြောင်းအရာအမျိုးအစား (Category)၊ ဆက်နွယ်သည့်ကိစ္စ (Issue)၊ ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (Target) ဟူ၍ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်ပြဇယားလေးခုကို စိစစ်လေ့လာထားသည်။




Risk Level ကို ပြထားသည့် ရုပ်ပုံတွင် အမည်းရောင်အဆင့် (Extreme)၊ အနီရောင်အဆင့် (High)၊ လိမ္မော်ရောင်အဆင့် (Medium)၊ အဝါရောင်အဆင့်(Low) နှင့် အစိမ်းရောင်အဆင့် (None)တို့ပါဝင်သည်။ အကြောင်းအရာများသည် အန္တရယ်ဖြစ်စေနိုင်မှုနှင့်ပတ်သက်ပြီး အနီရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့်တို့တွင် အများဆုံးလွှမ်းမိုးထားသည်။

- အမည်းရောင် အဆင့် တွင် ကိုယ်ထိလက်ရောက်ကျူးလွန်သည့်ဖြစ်စဉ်၊ သုတ်သင်ရန်အတွက် ခြိမ်းခြောက် သည့် ဖြစ်စဉ်များပါဝင်သည်၊
- အနီရောင်အဆင့်တွင် ပြင်ပကမ္ဘာတွင် ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးဘာသာရေး အဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ကိစ္စ ရပ်များပါဝင်သည်။

- အနီရောင်အဆင့်နှင့်အနက်ရောင်အဆင့်အခြေအနေတို့နှင့်ပတ်သက်၍ မိတ်ဖက်များထံသို့ Daily Alert ထဲတွင် ထည့်သွင်းအကြောင်းကြားပြီး အရေးပေါ် ဖြစ်စဉ် သတိပေးချက်များကို The Red Flag က ပေးပို့ခဲ့သည်။
- လိမ္မော်ရောင်အဆင့်တွင် ပြဿနာ ဖြစ်စေနိုင်သော်လည်း ပြင်ပကမ္ဘာအထိ သက်ရောက်ရန်ရာခိုင်နှုန်း အနည်းအကျဉ်းသာရှိသည့် ကိစ္စရပ်များ၊ ဆက်လက်သတိထား စောင့်ကြည့် ရန် ကိစ္စ များပါဝင်သည်။
- အဝါရောင်နှင့် အစိမ်းရောင်တို့တွင် ပါဝင်သည့် အကြောင်းအရာများသည် ပြင်ပ ကမ္ဘာအထိ သက်ရောက်မှုတစ်စုံတစ်ရာ မရှိသည့်ကိစ္စများဖြစ်ပြီး သုတေသန လုပ်ငန်းစဉ် နှင့် စောင့်ကြည့်ရေး၊ စုံစမ်းဖော်ထုတ်ရေးလုပ်ငန်းစဉ်တို့အတွက် သိမ်းဆည်းထားသည့် အကြောင်းအရာများဖြစ်သည်။





The Red Flag က သိမ်းဆည်းခဲ့သည့် အချက်အလက်များတွင် သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာများ (Fact-Check)၊ အန္တရာယ်ရှိသော အကြောင်းအရာများ (Dangerous)နှင့် သုတေသန အတွက် ကိုးကား အသုံးပြုရန်သိမ်းဆည်းသည့် သက်သေအထောက်အထားများ (Intel) စသည့် အမျိုးအစား သုံးခု ပါဝင်သည်။

- သတင်းအမှားအဖြစ်သံသယဖြစ်ဖွယ် အကြောင်းအရာ သိမ်းဆည်းနိုင်မှု ၅၇.၇ ရာခိုင်နှုန်း အထိ ရှိပြီး အချက်အလက်စုဆောင်းမှု၏ ထက်ဝက်ကျော်ကို နေရာယူထားပါသည်။ ထို သံသယဖြစ်ဖွယ် အကြောင်းအရာများ ကို အချက်အလက်စစ်ဆေးနိုင်ရန်အတွက် မိတ်ဖက်များထံသို့ နေ့စဉ်၊အပတ်စဉ် ပေးပို့ခဲ့သည်။

- သတ်ဖြတ်မှု၊ဖမ်းဆီးမှု၊ လူမျိုးရေးဘာသာရေးမုန်းတီးမှုများ အား လှုံ့ဆော်သည့် အကြောင်းအရာ ၂၁.၄ ရာခိုင်နှုန်းသိမ်းဆည်း ထားသည်။ ယင်းတို့ အနက် အချို့အကြောင်းအရာများသည် ပြည်သူများ ထိခိုက်မှု ဖြစ်စေရန် မြေပြင်အထိပါ လုပ်ဆောင်ခဲ့သည်တို့လည်း ရှိသည်။
- သုတေသနအတွက်ကိုးကားအသုံးပြုရန် သိမ်းဆည်း သည့် သက်သေ အထောက်အထားများ တွင် စုံစမ်းဖော်ထုတ်ရန် ကိစ္စများ၊ စစ်ကောင်စီတပ်အတွက် ဝါဒဖြန့်သူများအချင်းချင်း အချင်းများသည့် ကိစ္စ များ၊ ရေပန်းစားအကြောင်းအရာ များ နှင့် ဆက်နွယ်ပြီး ပြည်သူကို သို့မဟုတ် တပ်တွင်းကို စည်းရုံးရန် ဖြန့်ဝေသည့် အကြောင်းအရာများပါဝင်သည်။


**Issue**




ဆက်နွယ်သည့်ကိစ္စရပ်များ (Issue) တွင် တော်လှန်ရေးအင်အားစုများကျူးလွန်သည်ဟု အပြစ်ပုံချခံရသော မှုခင်း (Crime) ဆိုင်ရာကိစ္စများ၊ မြေပြင်တွင်အမှန်တကယ်ဖြစ်ပွားစေရန်လှုံ့ဆော်ခြင်း(Call for action) နှင့် မြေပြင်တွင်အန္တရယ်ဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား အမှန်တကယ်အသက်သွင်းခြင်း (Activation) စသည်တို့က The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် လွှမ်းမိုးထားပါသည်။

အခြားအရေးကြီးသည့် ဆက်နွယ်ကိစ္စများအနေဖြင့် ဘာသာရေးလှုံ့ဆော်မှု (Religious), ၊ ဖမ်းဆီးရန် အွန်လိုင်းမှ အချက်အလက်ရှာဖွေလှုံ့ဆော်ခြင်း(Doxxing)၊ တပ်စွန့်ခွာပြီး ပြည်သူ့ရင်ခွင်ခိုလှုံ့ခြင်း(Defection)၊ စစ်မှုထမ်းဥပဒေ(Military Conscription) ၊ သူလျှို (Spy)ကိစ္စ စသည့်တိုကို သိမ်းဆည်း ရရှိထားပါသည်။ General Info သည် သုတေသနလုပ်ငန်းစဉ်အတွက် အသုံးဝင်သည့် အကိုးအကားနှင့်သက်သေ အထောက်အထားများ သိမ်းဆည်းထားသည့် Category ဖြစ်ပါသည်။

## Target





၂၀၂၅ ခုနှစ် သုံးလ အတွင်းစုဆောင်းထားသည့် The Red Flag ၏ အချက်အလက်များကိုအခြေခံ၍ စစ်တပ်ဝါဒဖြန့်ချိမှုများ၏ အဓိကပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို လေ့လာရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs) များကို ဦးတည်တိုက်ခိုက်သည့် အကြောင်းအရာက အများဆုံးဖြစ်သည်။ ၎င်းတို့ဖန်တီးထားသည့်အကြောင်းအရာများတွင် EROs များက လူသတ်၊ မုဒိန်းကျင့်၊ မီးရှို့ခြင်း၊ ဗုဒ္ဓဘာသာကိုစော်ကားခြင်း၊ တပ်သားသစ်စုဆောင်းခြင်း၊ ဘိန်းဘုရင်များအဖြစ်ပုံဖော်ခြင်း၊ ဗမာများကို မောင်းထုတ်ခြင်း စသည်ဖြင့် သည်းခြေကြိုက် ထိလွယ်ရှလွယ်ကိစ္စရပ်များ ပါဝင်သည်။ ယင်းတို့ကို အခြေခံ၍ EROs များကို အမုန်းတရားပွားရန်နှင့် နိုင်ငံတကာစာမျက်နှာတွင် လူအခွင့်အရေးချိုးဖောက်နေသည့်အကြမ်းဖက်အဖွဲ့အစည်းများဟု တံဆိပ်ကပ်ခံရစေရန် စစ်တပ်ထောက်ခံသူများက ဖန်တီးနေခြင်းဖြစ်သည်။

ဒုတိယအများဆုံးဦးတည်တိုက်ခိုက်ခံရသည်မှာ သာမန်အရပ်သားပြည်သူများ (Civilian) ဖြစ်ပြီး ဖမ်းဆီးရန်ခြိမ်းခြောက်ခံရခြင်း၊ ဗုံးကြဲရန်လှုံ့ဆော်ခြင်း၊ သတ်ဖြတ်ရန်ခြိမ်းခြောက်ခြင်း၊ စစ်မှုထမ်းရန်လှုံ့ဆော်ခြင်း စသည့်အကြောင်းအရာ များဖြန့်ဝေနေသည်။ ထို့ပြင် တပ်စွန့်ခွာ၍ ပြည်သူ့ရင်ခွင်ခိုလှုံသူများ၊ CDM ပြုလုပ်ထားသူများ၊ မီဒီယာများ၊ PDF များ၊ မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ထောက်ပို့များ၊ နိုင်ငံခြားသားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှု များလည်းပြုလုပ်ထားသည်ကို တွေ့ရသည်။

# စကားဝှက်များ နောက်ကွယ်မှ အမှန်တရားများ

လူမှုမီဒီယာများ၏ အရေးယူမှုကို ရှောင်တိမ်းနိုင်ရန်နှင့် ပိုပြီးမှတ်မိလွယ်သည့် အသုံးအနှုန်း ဖြစ်စေရန် အတွက် စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေး စာမျက်နှာများသည် လူမှုမီဒီယာ များကန့်သတ်ထားသည့် **စကားလုံးကို ရှောင်ရှား၍ အမုန်းပွားအန္တရာယ် ဖြစ်စေနိုင်သော စကားဝှက်များကိုတီထွင်ပြီး** သုံးစွဲလျက် ရှိနေသည်။၂၀၂၅ ခုနှစ် ပထမသုံးလတာ အတွင်းပျံ့နှံ့ခဲ့သည့်စကားဝှက် များနက် စကားဝှ့က်စုစုပေါင်း ၄၀ ခုကို The Red Flagအဖွဲ့က စောင့်ကြည့်သိမ်းဆည်း အဓိပ္ပာယ်ဖော်ထုတ် လေ့လာထားပါ သည်။ ယင်းစကားဝှက်များ၏ နောက်ကွယ်တွင် ကိုယ်ထိလက်ရောက် စစ်ကြောမေးမြန်းရန်လှုံ့ဆော်ခြင်း၊ လူမျိုးတုန်းသတ်ဖြတ်ရန် လှုံ့ဆော်ခြင်း၊ လူမျိုးရေးအမုန်းပွားရန် လှုံ့ဆော်ခြင်း၊ လေကြောင်း တိုက်ခိုက်ရန် နယ်မြေရှင်းလင်းရန် လှုံ့ဆော်ခြင်း၊ ပုဂ္ဂိုလ်ရေးအခြေပြုတိုက်ခိုက်ခြင်း အဓိပ္ပါယ်များ ပါဝင်သည်။





၂၀၂၅ ခုနှစ် ပထမ သုံးလအတွင်း အတွင်းစုဆောင်းခဲ့သည့် စကားဝှက်များတွင် အန္တရာယ်ဖြစ်စေနိုင်မှုကို တိုင်းတာသည့် အဆင့် ၅ ဆင့် ခွဲခြားထားသည်။ အနက်ရောင်၊ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင် တို့အတွက် အန္တရာယ် ဖြစ်မှု အခြေအနေ အဓိပ္ပာယ်သတ်မှတ်ချက်သည် အချက်အလက်စုဆောင်းမှု ဆိုင်ရာ ကိန်းဂဏာန်းပြ ရုပ်ပုံများတွင် ဖော်ပြထားသည့် အကြောင်းအရာများ၏ အန္တရာယ်ဖြစ်စေနိုင်မှု သတ်မှတ်ချက် (Risk Level) နှင့် တူညီပါသည်။ စကားဝှက်စုဆောင်းမှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုဇယားကို နောက်ဆက်တွဲ စာမျက်နှာတွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# နိဂုံး

၂၀၂၅ ခုနှစ် ပထမ သုံးလအတွင်း စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးအကြောင်းအရာများကို လေ့လာပြီး သတိထားရမည့် ဇာတ်ကြောင်းများကို စိစစ်သုံးသပ်ကြည့်ရာ စစ်ကောင်စီတပ်သည် မြေပြင်တွင် မည်မျှပင်စစ်ရှုံး စေကာမူ အွန်လိုင်းသတင်းအချက်အလက်စစ်ဆင်ရေးတွင် ဇွဲမလျှော့ဘဲအချိန်အဟုန် ခပ်ပြင်းပြင်းဖြင့် လှုပ်ရှား ဆောင်ရွက်နေဆဲဖြစ်သည်ကို တွေ့ရသည်။ ဆန့်ကျင်ဘက်အင်အားစုများကို ထောက်ခံနေသူများ ယုံကြည်မှု ကျဆင်းစေရန်၊ အချင်းချင်းကြားသွေးကွဲစေရန် အချိန်နှင့်အမျှပြုလုပ်နေပြီး စစ်ကောင်စီသည်သာ ကယ်တင်ရှင် ဆိုသည့်ပုံစံကို ဖန်တီးလျက်ရှိနေသည်။

စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးယန္တရားတွင် ပါဝင်ဆောင်ရွက်နေသူများသည် သတင်းအချက်အလက် စီးဆင်းမှုအပေါ်မူတည်၍ ဇာတ်ကြောင်းများကို တစ်ခုတည်းမဟုတ်ဘဲ အချိတ်အဆက်မိမိဖန်တီးနေကြသည်။ အမှန်တရားအခြေပြုမဟုတ်ဘဲ အချက်အလက်အသုံးပြုမှုရာခိုင်နှုန်းအနည်းငယ်ဖြင့် ဝါဒဖြန့်အကြောင်းအရာ သွတ်သွင်းခြင်းရာခိုင်နှုန်းအများအပြားကို အသုံးပြုဖန်တီးမှု၊ ပြည်သူတို့၏ အကျပ်အတည်းနှင့် ထိလွယ်ရှလွယ်ခံ စားချက်များကို အခြေခံပြီး တော်လှန်ရေးအင်အားစုများ၏လုပ်ရပ်နှင့် CDM ပြုလုပ်ခြင်းကြောင့် လက်ရှိအခြေ အနေကို ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း ဖန်တီးမှု၊ သတင်းအချက်အလက်ရရှိရန် ခက်ခဲသည့် ဒေသများရှိ ပြည်သူ တို့၏ သဘောထားအမြင်များ မှေးမှိန်ပျောက်ကွယ်စေရန်နှင့် ထိုပြည်သူများ စစ်ကောင်စီတပ်ကို လက်ခံလာစေ ရန် လုပ်ဆောင်နေမှုတို့သည် ဝါဒဖြန့်ယန္တရားတွင် ထင်ရှားစွာမြင်တွေ့ရသည့် ကြိုးကိုင်ချယ်လှယ်မှုများ ဖြစ်ပါ သည်။

ဇာတ်ကြောင်းများအား အထောက်အပံ့ပြုထားသည့် အကြောင်းအရာများကို ကြည့်ရှုမည်ဆိုပါက စစ်ကောင်စီတပ်သည် ၎င်းတို့ အာဏာ တည်မြဲရေးအတွက် မည်မျှ အားထုတ်နေသည်ကိုတွေ့မြင်နိုင်ပါသည်။ ဇာတ်ကြောင်းပေါင်းများစွာကို နှစ်ပေါင်းများစွာ၊ လပေါင်းများစွာ စဉ်ဆက်မပြတ်ဖြန့်ဝေနိုင်ခြင်း၊ လက်ရှိဖြစ်ပျက် နေသည့် ကိစ္စများလွှမ်းခြုံ၍ ချိန်သားကိုက်လိုသလို ပုံဖော်နိုင်ခြင်း စသည်တို့ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီ တပ်နှင့် ၎င်းထောက်ခံသူများသည် အရင်းအမြစ်များစွာ အသုံးပြု၍ စနစ်တကျချိတ်ဆက်ဖြန့်ဝေနေသည်မှာ သိသာ ထင်ရှားပါသည်။ အကြောင်းအရာ ဖြန့်ချိမှုများတွင်လည်း တော်လှန်ရေးအင်အားစုအချင်းချင်း သွေးကွဲမှု များဖြစ်စေရန်အတွက် လူမျိုးအခြေပြု၊ ဘာရေးအခြေပြု၍ သွေးခွဲသည့်ရေးသားချက်များကို ထည့်သွင်း ရေးသားလေ့ရှိသည်။ မြေပြင်၌ အမှန်တကယ် ပြဿနာဖြစ်ပွားမှုရုပ်သံဖိုင်ထွက်ပေါ်မှုများ ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဖြစ်ရပ်များကို အသုံးပြုကာထို အဖွဲ့များကို စစ်ကောင်စီက အထောက်အပံ့ပြုထားသကဲ့သို့၊ ထောက်ခံသကဲ့သို့ ပုံစံများလည်း ရေးသား၍ ဖြန့်ချိမှုများသည် သတိပြုစရာ ဖြစ်သည်။




***ပုံ(၁၀) - သွေးခွဲဖြန့်ချိမှုပုံစံ ကို ခွဲခြမ်းလေ့လာခြင်း***

အရပ်သားများကို အကြောက်တရားသွင်း၍ စစ်ကောင်စီကို ထောက်ခံလာအောင်ပြုလုပ်ရာတွင်လည်း စစ်ကောင်စီ၏ ရာဇဝတ်မှုများကို ဖုံးကွယ်သည့် အကြောင်းအရာများအသုံးပြု၍လည်းကောင်း၊ မြေပြင်တွင် အကြမ်းဖက်ချေမှုန်းခြင်း လုပ်ငန်းများလုပ်ဆောင်ခြင်းဖြင့်လည်းကောင်း ဟန်ချက်ညီညီပြုလုပ်နေသည်။ အရပ်သားသေဆုံးမှု မြင့်တက်နေသည့် လက်ရှိကာလတွင် အရပ်သားကာကွယ်ရေးအစီအမံများအတွက် စောလျင်စွာအသိပေးတုန့်ပြန်နိုင်ရေးတွင် သတင်းတုသတင်းမှားတိုက်ဖျက်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုသို့ တုန့်ပြန်ဆောင်ရွက်ရာတွင် သတင်းတု သတင်းမှားသာမက လေကြောင်းရန်၊ ဖမ်းဆီးမှုလှုံ့ဆော်ခြင်းများနှင့် အမုန်းတရားလှုံ့ဆော်ခြင်းများအား နေ့စဉ်စောင့်ကြည့်ရေး ပြုလုပ်နေရန်လည်း လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာ ကုမ္ပဏီများ၊ မီဒီယာအဖွဲ့အစည်းများ၊ စိုးမိုးနယ်မြေများရှိလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ သည် ညှိနှိုင်းပူးပေါင်းဆောင်ရွက်အဖြေရှာရန် အထူးလိုအပ်လျက်ရှိနေပါသည်။

# နောက်ဆက်တွဲဇယားဖော်ပြမှု

| Extreme Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | အမဲလိုက်ခြင်း | ဒရုန်းသုံး၍ တိုက်ခိုက်ခြင်း |
| 2 | မမသ | မြန်မြန်သေ |

| High Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | စဆရ | စစ်ဆင်ရေး |
| 2 | ချဉ်ချဉ်တူးတူးတွေကျွေး | ရိုက်နှက်နှိပ်စက်ခြင်းများ ပြုလုပ် |
| 3 | ဂူအောင်း | သေဆုံးသွားခြင်း |
| 4 | ကလပ်ပဒါး | အစွလာမ်ဘာသာဝင် PDF |
| 5 | မာမွတ် | အစ္စလာမ်ဘာသာဝင် PDFရဲဘော်အား ခေါ်ဆိုခြင်း |

| Medium Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | လင်ကချီးမ | ကချင်အမျိုးသမီးကို ဆဲဆိုခြင်း |
| 2 | လူနီ ဖင်စိမ်းမ | တော်လှန်ရေးကို ထောက်ခံသော်လည်း စစ်တပ်နှင့် မကင်းသူ |
| 3 | မဂျယ်ကောင် | ကချင်လူမျိုးများကို ပုံဖျက်ခေါ်ဆိုခြင်း |
| 4 | ဂျောင်ပလီး | တအာင်း(ပလောင်)လူမျိုးကို ပုံဖျက်ခေါ်ဆိုခြင်း |
| 5 | အာဒုက္ခအာမိ | အာရက္ခတပ်တော်(AA)ကို ပုံဖျက်ခေါ်ဆိုခြင်း |
| 6 | ကုလားဖြူးသု | ရုပ်ရှင်သရုပ်ဆောင် ပိုင်ဖြိုးသု |
| 7 | ချင်းနွားနောက် | ချင်းPDFများကို ခေါ်ဆိုခြင်း |
| 8 | ပိပိယက် | PDF |
| 9 | တော်လိမ်း | တော်လှန်ရေး |
| 10 | ဂျင်းဖော | ကချင်လူမျိုးအား ပုံဖျက်ခေါ်ဆိုခြင်း |

| | | |
|---|---|---|
| 11 | ပလောင်တောင်ပိုးရေမချိုးအဖွဲ့ | TNLAအဖွဲ့အား ပုံဖျက်ခေါ်ဆို |
| 12 | မနန္ဒာေအား | MNDAA |
| 13 | ၅လုံး | ကိုးကန့်တပ် (MNDAA) |
| 14 | ရှမ်းပဲပုတ် | SSPP |
| 15 | ဓာတ်ခဲအားကုန် | AAစစ်ရှုံးနိမ့်၊ ဆုတ်ခွာ |

| Low Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | ဌက်စုတ် | NLD |
| 2 | နီဒူ | NLD |
| 3 | နီလည် | NLD |
| 4 | မိစ္ဆာနီသတင်းဖောက် | သတင်းထောက် |
| 5 | ဂျင်းဇိမ | မဇ္ဈိမသတင်းဌာန |
| 6 | အမျိုးသား၊ အမျိုးသမီး မညီညွတ်ရေး အစိုးမရ | NUGအား ပုံဖျက် ရေးသားခြင်း |
| 7 | လူဒူနွေအူး | လူထုနွေဦး (People's Spring) သတင်းဌာနအား ပုံဖျက်ရေးသားခြင်း |
| 8 | အညာဝတီ | The Irrawaddy- Burmese Edition သတင်းဌာန |
| 9 | မန်းဝင်းခိုသန်း | NUG ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း |
| 10 | သံပဒတ်ကြီး ကျော်မိုးထွန်း | သံအမတ်ကြီးဦးကျော်မိုးထွန်း |
| 11 | ခွေးရူးဂျီ | NUG |
| 12 | ယွေးလဥ/ရွေးလဥ | TNLAသတင်းနှင့် ပြန်ကြားရေးတာဝန်ခံ လွေးယေဦး |
| 13 | အမေအဲရစ်စူး | ဒေါ်အောင်ဆန်းစုကြည် |
| 14 | ဂွမ်းဂွမ်း | KIAဗိုလ်ချုပ် ဂွမ်မော် |
| 15 | မိုက်မော်ကွန်း ခွက်နီ | ရုပ်ရှင်သရုပ်ဆောင် မင်းမော်ကွန်း |
| 16 | ကစလ | ကိုယ်စားလှယ် |

THE RED FLAG

| None Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ပညရ | ပညာရေး ဝန်ကြီးဌာန |
| 2 | ဝလကလ | ဝေးလေကောင်းလေ |